## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၁၉)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၇၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ဖခင်ဆေးရုံတင်ရ။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသလုပ်ငန်း။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အမျိုးသားပညာရေးဥပဒေကြမ်း အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ငင်းအတိုင်း။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ငင်းအတိုင်း။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ငင်းအတိုင်း။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ငင်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ အမျိုးသားပညာရေးဥပဒေကြမ်း အစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ငင်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ငင်းအတိုင်း။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ငင်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ငင်းအတိုင်း။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငင်းအတိုင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ အမျိုးသား ပညာရေးဥပဒေကြမ်း အစည်းအဝေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တပ်မတော်မှ သက်ပြည့်(အငြိမ်းစား)များ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ထားသူများနှင့် ကျဆုံးသူများ၏ ကျန်ရစ်သူမိသားစုများအတွက် မည်သည့်ထောက်ပံ့မှုများ ပေးထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က တပ်မတော်မှ သက်ပြည့်(အငြိမ်းစား)များ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ထားသူများနှင့် ကျဆုံးသူများ၏ ကျန်ရစ်သူမိသားစုများအတွက် မည်သည့်ထောက်ပံ့မှုများ ပေးထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းဟာ အပိုင်း(၃)ပိုင်းပါပါတယ်။ ပထမအပိုင်းကတော့ ကျွန်တော်တို့ တပ်မတော်ကနေပြီးတော့ သက်ပြည့်(အငြိမ်းစား)ယူထားတဲ့ သူတို့ရဲ့ မိသားစု နေရေး၊ ထိုင်ရေးအတွက် ဖြစ်ပါတယ်။ ဒီမေးခွန်း မေးရတာကလည်း ကျွန်တော့်အိမ်နားမှာ တပ်မတော်ကနေ တပ်ကြပ်ကြီးအဆင့်နဲ့ သက်ပြည့်(အငြိမ်းစား) ယူထားတဲ့ လူတစ်ယောက် ရောက်လာပါတယ်။ သူကတော့ အဓိကကတော့ သူ့မိဘအိမ်ကို လာတာပါ။ ဒါပေမဲ့ သူ့မိဘအိမ်မှာလည်း ကျန်တဲ့ညီအစ်ကိုမောင်နှမတွေ များနေတဲ့ အတွက် သူနေစရာ မရှိပါဘူး။ အဲဒီတော့ အသိတစ်ယောက်အိမ်မှာပဲ အကူအညီတောင်းပြီးတော့ နေရပါတယ်။ အိမ်ငှားမယ်ဆိုလို့ရှိရင်လည်း အိမ်ငှားက တစ်သိန်းကျော်လောက် ရှိတယ်ဆိုတော့ သူမပေးနိုင် ပါဘူး။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပထမပိုင်းအနေနဲ့ သိချင်တာက ဒီ တပ်မတော်ကနေပြီးတော့ သက်ပြည့်(အငြိမ်းစား) ယူလာတဲ့လူတွေဟာ အခုတော့ အိုမင်းမစွမ်းအရွယ်လည်း ရောက်နေပါပြီ။ နေရေးထိုင်ရေးမှာလည်း အခက်အခဲရှိနေကြပါတယ်။ သူတို့ နေရေးထိုင်ရေးအတွက် မြေတို့၊ အိမ်တို့၊ အခန်းတို့ မည်သို့စီစဉ်ပေးနိုင်မလဲကို ပထမမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ တပ်မတော်ကနေပြီးတော့ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ ရတဲ့ တပ်မတော်သားများအတွက် ခေတ်နဲ့လျော်ညီသော ဂုဏ်ပြုထောက်ပံ့ကြေး၊ ပင်စင် သို့မဟုတ် ရှိရင်လည်း ပင်စင်တို့၊ မိသားစုများ နေထိုင်ရန်အတွက် မြေ သို့မဟုတ် အခန်း စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ အရပ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများမှာလည်း တာဝန်ထမ်းဆောင်တဲ့ဘက်က ဦးစားပေးခန့်ထားနိုင်ရေး ရှိ/မရှိ မေးရတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ မေးရလို့ရှိရင် ကျွန်တော့် တောင်ဥက္ကလာမှာပဲ စီမံကိန်း(၁၄)ရပ်ကွက်မှာ တပ်မတော်မိသားစုတွေနေတဲ့ လိုင်းခန်းတွေ ရှိပါတယ်။ အဲဒီမှာ တပ်မတော်က ရဲဘော်ကြီးတစ်ယောက်ရဲ့ သားကလည်း၊ သူကတော့ လက်ရှိမှာတော့ အသက်(၅၀)လောက်ရှိပါပြီ။ သူ တပ်မတော်ကနေပြီးတော့ အသက်(၂၀)လောက်မှာ သူ တပ်မတော်တာဝန် ထမ်းဆောင်တယ်။ (၂၅)နှစ်လောက်မှာ သူ မိုင်းထိပါတယ်။ သူမိုင်းက သူ့ခြေထောက်ကတော့ ပြတ်မသွားပါဘူး။ သူ့ခြေထောက်က အတွင်းက ကြေသွားတာပါ။ အဲဒီတော့ သူ လမ်းလျှောက်လို့ရှိရင် သူ့ခြေထောက်ကလေးကို ကိုင်ကိုင်ပြီးတော့ ထော့နဲ့ထော့နဲ့ လျှောက်နေ

ရတာပါ။ အခု ဒီ အသက်(၂၅)လောက်ကနေပြီးတော့၊ အခု အသက်(၅၀)လောက်ထိအောင်က သူ့အမေ ကပဲ သူ့ကို ကြည့်ရှုနေရတဲ့သဘောပါပဲ။ သူ့အမေအိမ်မှာပဲ နေရပါတယ်။ အလုပ်အကိုင်ကလည်း တကယ့် ဟိုဟာပါ။ မယ်မယ်ရရ မရှိပါဘူး။ ပြောမယ်ဆိုလို့ရှိရင်တော့ ပါချည်ပါချဲ့ လုပ်နေရတဲ့ သဘောပါပဲ။ စိတ်ဓာတ်လည်း သူကျနေတဲ့ပုံ ပေါ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ကပေါ့နော်။ ဒီတပ်မတော်မှာ ဒီ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ထားတဲ့ လူတွေ အခုလိုမျိုးကျလို့ရှိရင် နိုင်ငံတော်ဘက်ကနေ ဘယ်လိုကြည့်နိုင်မလဲဆိုတဲ့ သဘောမျိုး ကျွန်တော်က မေးတာပါ။ အဓိကကတော့ ဟုတ်လား။ သူ့အမေဆိုလို့ရှိရင် သူ့သားကို အသက်(၂၀)လောက်က တပ်မတော်ထဲ ထည့်တယ်။ (၅)နှစ်လောက်ပဲ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေပြီးတော့ အခု နောက်ထပ် နှစ်ပေါင်းအစိတ်လောက် သူ့အမေကပဲ သူ့ကို ပြန်ကြည့်နေရတဲ့ အခြေအနေဖြစ်နေပါပြီ။ နောက်ပြီးတော့လည်း ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်လက်အင်္ဂါမသန်မစွမ်းတာတော့ အကြောင်း အမျိုးမျိုးနဲ့ ရှိပါတယ်။ တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ တပ်မတော်မှာ တိုက်ပွဲဝင်ရင်းနဲ့ ကိုယ်လက် အင်္ဂါစွန့်လွှတ်တဲ့ သူတွေနဲ့ သာမန်ထိခိုက်မှုဖြစ်ပြီး ကိုယ်လက်အင်္ဂါစွန့်လွှတ်တဲ့ လူတွေနဲ့ပေါ့နော်၊ ဒါလည်း ကျွန်တော်ကွဲပြားစေလိုပါတယ်။ အဲဒီတော့ ကျွန်တော်ကတော့ သာမန်လူတွေ ခွဲခြားနိုင်အောင်လို့ ဒီ ကာကွယ်ရေးနဲ့ပတ်သက်လို့ ထိခိုက်ဒဏ်ရာရတဲ့သူကို ကျွန်တော်တို့ အထိမ်းအမှတ်၊ အမှတ်တံဆိပ် တစ်ခုခုကို ကျွန်တော်တို့က တီထွင်ပြီးတော့ တပ်ထားမယ်ဆိုလို့ရှိရင် ကျွန်တော် သာမန်လူတွေထက် ပြော် သူဟာ တပ်မတော်ကနေပြီး ထိခိုက်ဒဏ်ရာရတဲ့သူ ဆိုတဲ့ သဘောမျိုးလည်း ကျွန်တော်တို့က ဂုဏ်ယူလေးစားနိုင်မှာ ဖြစ်ပါတယ်။

ဘာလို့လဲဆိုရင် အကြောင်းအမျိုးမျိုးနဲ့ ဥပမာ - လမ်းဘေးမှာ၊ ရထားလမ်းပေါ်မှာ အရက်မူး လဲနေရင်းနဲ့ ခြေထောက်ပြတ်တဲ့သူလည်း ရှိမှာပဲ။ ဒီလိုလူနဲ့ တပ်မတော်မှာ ကာကွယ်ရင်းနဲ့ ဒဏ်ရာရတဲ့ သူတွေကို ကျွန်တော်တို့က ခွဲခြားစေချင်တာပါပဲ။ နောက်တစ်ခုကပေါ့နော် သူတို့ ဒီ ကျွန်တော်တို့ အစိုးရ အဖွဲ့အစည်းတွေမှာ ထွေ/အုပ်တို့၊ စည်ပင်တို့၊ ဒီ မြို့နယ်မှာ အစိုးရအဖွဲ့အစည်းတွေ ရှိပါတယ်။ ဒီနေရာ မှာလည်း သူတို့ လုပ်နိုင်ကိုင်နိုင်၊ ဥပမာ - ကွန်ပျူတာ သင်ပေးတယ်။ ဟုတ်လား၊ တစ်ခုခုပေါ့။ ကျွန်တော်တို့ စာရေးစာချီ အလုပ်သင်ပေးမယ် ဆိုလို့ရှိရင်လည်း သူတို့ တာဝန်ထမ်းဆောင်နိုင်မှာပါ။ အဲဒါမျိုးလည်း ကျွန်တော်က ရစေချင်ပါတယ်ပေါ့နော်။ အခုဟာကျတော့ သူတို့မသန်မစွမ်းရှိလာတဲ့ အချိန်ကျတော့မှ ဘာမှလည်း အလုပ်အကိုင် မယ်မယ်ရရမရှိ၊ ပုဂ္ဂလိကအနေနဲ့ကတော့ သူတို့လို မသန်မစွမ်းတွေကတော့ အလုပ်အကိုင် ရဖို့မလွယ်ပါဘူးပေါ့နော်။ အဲဒီတော့ အစိုးရအဖွဲ့အစည်းတွေနဲ့ သူတို့တွေကို အလုပ် အကိုင် မယ်မယ်ရရပေးဖို့ကိုလည်း ကျွန်တော်က အဲဒါလည်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

တတိယမေးခွန်းကတော့ ကျွန်တော်တို့ တပ်မတော်ကနေပြီးတော့ ကျဆုံးတဲ့ စစ်သည်တွေရဲ့ မိသားစုတွေနဲ့ပတ်သက်လို့ အထောက်အပံ့ကိစ္စမေးမှာ ဖြစ်ပါတယ်။ ဒါလည်း ဒီမေးခွန်းက ပြီးခဲ့တဲ့ အပတ် ကျွန်တော် လွှတ်တော်ပြန်တဲ့အခါမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ပါတယ်။ အဲဒီလို တွေ့တဲ့အခါမှာ သူငယ်ချင်းက ဘာပြောသလဲဆိုရင် သူ့တူလေး၊ သူ့တူလေးဆိုရင် ကျွန်တော်တို့ ကျောင်းနေဘက် သူငယ်ချင်းဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း ဝင်/ထွက်နေတာပါ။ ကျွန်တော်တို့ အဲဒီ ကလေးက ဒီ ပြီးခဲ့တဲ့ (၁)နှစ်ကျော်က၊ (၂၆)နှစ်မှာ ဒီ ကချင်ပြည်နယ်မှာ တိုက်ပွဲကျသွားတယ်။ တိုက်ပွဲကျ သွားတဲ့အတွက် အဲဒီကလေးနဲ့သူ့ ဒုတိယဗိုလ်နဲ့ သူတို့(၄)ယောက်လောက် ကျတယ်လို့ ပြောပါတယ်။

အဲဒီအတွက် သူအမေကို အကြောင်းကြားတဲ့အတွက် သူ့အမေလည်း လိုက်သွားပါတယ်။ လိုက်သွားတဲ့ အခါမှာ သူ့အမေကတော့ သူ့သားလေးမြေပုံကြည့်ဖို့ကို ပြောတဲ့အခါကျတော့ လုံခြုံရေးအခြေအနေအရ လိုက်ပြဖို့ မလွယ်ဘူးပေ့ါနော်။ သူတို့ ကောင်းကောင်းမွန်မွန်ပဲ မြေမြှုပ်ထားတယ်ဆိုတဲ့အကြောင်းပဲ သိရပါတယ်။ အဲဒီမှာ ဟိုဟာပေ့ါနော်၊ သူ့အမေကိုကျတော့ တပ်ကနေပြီးတော့၊ သူတို့အဖွဲ့အစည်း ကနေပြီးတော့ သူတို့ ထောက်ပံ့ကြေးသဘော ပေးလိုက်ပါတယ်။ အဲဒီထောက်ပံ့ကြေးကို ကျွန်တော် မေးကြည့်တဲ့အခါမှာ ဟို (၈)သိန်းပဲ ရတယ်လို့ ပြောပါတယ်။ ကျွန်တော်တော်တော်အံ့သြပါတယ် အဲဒါ။ ဥပမာဆိုရင် ကျွန်တော်တို့ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ဟိုတစ်လောက ရာဇာမင်းကား မှောက်တာ၊ တစ်ယောက်ကို (၆၅)သိန်းလောက်ပေးနိုင်ပါတယ်။ နောက် ကျွန်တော်တို့ သာမန်အလုပ်သမား တစ်ယောက်၊ လူမှုဖူလုံရေးကနေ သေမယ်ဆိုလို့ရှိရင်လည်း၊ လူမှုဖူလုံရေးကနေ သိန်း(၇၀)၊ (၈၀)လောက်ပေးတာ၊ ဟိုတစ်နေ့က သတင်းစာမှာ ဖတ်ရတယ်ပေ့ါနော်။ အဲဒီတော့ သာမန်ခရီးသွားရင်း၊ သာမန်ကိုယ့်ဝမ်းစာ အတွက် လုပ်ကိုင်တဲ့ လူတွေတောင်မှ သိန်း(၇၀)၊ (၈၀)လောက်ပေးနိုင်တဲ့ခေတ်မှာ၊ တပ်မတော်သား တစ်ယောက်ကို (၈)သိန်းပဲပေးနိုင်တယ်ဆိုတာလည်း ကျွန်တော် တော်တော်စိတ်မကောင်းပါဘူး။ သူ့အမေ ကတော့ ဘာမှလည်းမပြောနိုင်ဘဲနဲ့၊ သူ့အမေက ရိုးပါတယ်။ ဆင်းရဲလည်း ဆင်းရဲကြတယ် ပေ့ါနော်။

အဲဒီတော့ ကျွန်တော်က ဟိုနိုင်ငံတကာမှာဆိုလို့ရှိရင် တပ်မတော်ကနေပြီးတော့ ထိခိုက် ကျဆုံးတဲ့သူတွေ၊ ကျဆုံးတဲ့သူတွေ တော်တော်လေးကို ထိုက်ထိုက်တန်တန် ပေးထားတာ တွေ့ရပါတယ်။ အဲဒါမျိုးလည်း ကျွန်တော်ခေတ်ကာလနဲ့ လျော်ညီတဲ့ အထောက်အပံ့လေးတွေ ကျွန်တော်က ပေးစေချင် ပါတယ်။ နောက်ပြီးတော့ သူ့အမေမိသားစုဆိုရင် ဟုတ်လား၊ အဲဒါလေးကိုလည်း ကျွန်တော်တို့ အိမ်တို့၊ မြေတို့ ဟုတ်လား၊ အခန်းတို့ အဲဒါမျိုးလေးတွေ၊ နောက် ဒီ ပင်စင်လေးတွေ၊ နောက် ကျွန်တော်တို့ ဒီ အမေရိကန်မှာဆိုလို့ရှိရင် ဒီ မိသားစုဝင်တစ်ယောက်က တပ်မတော်က ကျတယ်ဆိုရင်၊ သူတို့မိသားစု ဝင်တွေကို အထိမ်းအမှတ် အဆောင်အယောင်တွေ ပေးထားတာပါ။ ကျွန်တော်က ဒါမျိုးလည်း ဖြစ်စေချင် ပါတယ်။ အဲဒီတော့ သူတို့မိသားစုတွေလည်း နိုင်ငံတော်ကနေ ချီးမြှင့်ထားတဲ့ အဆောင်အယောင် အထိမ်းအမှတ်ကလေးနဲ့ နေရမယ်ဆိုလို့ရှိရင် သူတို့လည်း ဂုဏ်ယူနိုင်မယ်။ ကျွန်တော်တို့လည်း ပိုပြီး တော့ တပ်မတော်အပေါ် ပိုပြီးလေးစားမှုရှိမှာပါ။ အခုတော့ ဟိုဟာပေ့ါနော် ကျွန်တော် အခု မြင်ရ၊ တွေ့ရ သလောက်ကတော့ တပ်မတော်မှာ ကိုယ်လက်အင်္ဂါတွေ စွန့်လိုက်တဲ့လူတွေအတွက်က ကျွန်တော်ပြီးခဲ့တဲ့ တပ်မတော်အစိုးရလက်ထက်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ချိုင်းထောက်ကြီးတွေနဲ့ လာပြီး တော့ စစ်ယူနီဖောင်းနဲ့ (၄)၊ (၅)၊ (၆)ယောက်လာပြီးတော့ ပုံပြင်စာအုပ်လေးတွေ ရောင်းတာတို့၊ စိတ်ပုတီး စိတ်နည်း ရောင်းတာတို့၊ အဲဒါမျိုးလေးတွေထိအောင် ကျွန်တော်တို့ တွေ့ရပါတယ်ပေ့ါနော်။ တော်တော် စိတ်မကောင်းပါဘူး။ ကျွန်တော်တို့က တပ်မတော်ဆိုတာက လက်ရှိ အင်အားရှိသူတွေအတွက်လည်း အထောက်အပံ့တွေ လိုသလို၊ တပ်မတော်ကနေ အကြောင်းအမျိုးမျိုးနဲ့ ထွက်ခဲ့တဲ့ လူတွေအတွက်လည်း ကျွန်တော်က အထောက်အပံ့ ရစေချင်ပါတယ်ခင်ဗျား။ ဒါနဲ့ ပတ်သက်လို့ မေးမြန်းရတာပါ။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ တင်ပြချက်ကလေးတွေကိုလည်း သိရတဲ့အတွက် ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ ဖြေကြားပေးသွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော် အကြမ်းဖျင်း ကောက်နုတ်တင်ပြရရင်တော့ သက်ပြည့်(အငြိမ်းစား)တွေ အပိုင်း (၁)ပိုင်းပါပါတယ်။ နောက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ထားသူများနဲ့ ကျဆုံးသူများ ဆိုပြီးတော့ အပိုင်း (၃)ပိုင်းနဲ့ ကျွန်တော်တို့ တင်ပြမေးမြန်းသွားတာပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကလည်း ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်မှ ကျွန်တော်တို့ ဒီ တပ်မတော် သက်ပြည့်(အငြိမ်းစား)များ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ထားသူများ၊ ကျဆုံးသူများနဲ့ ပတ်သက်လို့ ဆောင်ရွက်ပေးမှု၊ နောက်(၁)ပိုင်းကတော့ ကျွန်တော်တို့ တပ်မတော်မှ ဆောင်ရွက်ပေးမှုနဲ့ နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဆောင်ရွက်ပေးမှုများအပြင်ကို ကျွန်တော်တို့ တပ်မတော် အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ ဆောင်ရွက်ပေးမှုရှိပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ဥပဒေဖြင့် ထုတ်ပြန်ဆောင်ရွက်ထားမှုများကိုလည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော်တို့ အပြည့်အစုံကို အမျိုးသားလွှတ်တော်မှာ တင်ပြထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ကောက်နုတ်ပြီးတော့ပဲ တင်ပြ ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော် ခုနကဆိုရင်လည်း တော်တော်လေးကို တပ်မတော်အကြောင်း မေးမြန်းတဲ့အတွက် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လက်ရှိလည်း တပ်မတော်မှာ တာဝန်ထမ်းဆောင်တယ်။ လက်ရှိ တော်တော် များများကလည်း တာဝန်ထမ်းဆောင်တဲ့ အဖွဲ့အားလုံးကလည်း တပ်မတော်က (အငြိမ်းစား) ယူပြီးတဲ့ အဖွဲ့များလည်းရှိသလို၊ လက်တွေ့ ဦးဖုန်းမြင့်အောင် တွေ့ကြုံခံစားရသလိုပဲ ကျွန်တော်တို့လည်း တွေ့ကြုံခံစားခဲ့ရတာတွေလည်း ရှိပါတယ်။ လက်ရှိ ခုနက ပြောသလိုပါပဲ။ ကျွန်တော် တစ်ချက်ကလေး ကြားဖြတ် တင်ပြရမယ်ဆိုလျှင် ကျွန်တော်တို့ ကျဆုံးသွားတဲ့ စစ်သည်လို့ ထင်ပါတယ်။ အဲဒီအတွက် ငွေ(၈)သိန်း ထောက်ပံ့တယ်ဆိုတာ ကျွန်တော်တို့ ဒီ တပ်မတော် အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေ ကနေပြီးတော့ ထောက်ပံ့ခြင်းပဲ ဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ထောက်ပံ့ထားတာ မဟုတ်ပါဘူး။ ဒါလေးကို ကြားဖြတ်တင်ပြလိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ပြန်လည်ဖြေကြား တင်ပြရမယ် ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်နဲ့ တပ်မတော်မှ ပေးအပ်သောတာဝန်များကို ကျေရာနေရာမှာ တာဝန် ထမ်းဆောင်ရင်း သက်ပြည့်ဖြင့် အငြိမ်းစားယူ၊ နုတ်ထွက်ခဲ့သူ စစ်မှုထမ်းများ၊ ရန်သူ့လက်ချက်ဖြင့် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ပြီး၊ အမြဲတမ်းဆေးအဆင့်နိမ့် EA (၁)၊ (၂) စစ်မှုထမ်းများနှင့်၊ ကျဆုံး၊ သေဆုံးသူ များ၏ ကျန်ရစ်သူမိသားစုများ၏ အကျိုးခံစားခွင့်များအား ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက် များ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း အပိုင်း(၃)ပိုင်းနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်မှ ဆောင်ရွက်ပေးမှုအပိုင်းအနေနဲ့ တင်ပြရမယ်ဆိုရင် သက်ပြည့်(အငြိမ်းစား)များ အတွက် အငြိမ်းစားဆုကြေး၊ စစ်မှုထမ်းသက် အငြိမ်းစားလစာ၊ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်း၊ သဲ်ဟတံဆိပ်ချီးမြှင့်ခြင်း၊ ဒါကတော့ လစဥ် ဖြစ်ပါတယ်။ ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ငွေ၊ နောက် စစ်မှုထမ်း များဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ကြေးနှင့် ဆေးကုသခွင့်၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ပြီး အမြဲတမ်းဆေး အဆင့်နိမ့် EA (၁)၊ (၂)စစ်မှုထမ်းများအတွက် အဆင့်တိုးမြှင့်ခြင်း၊ ကရုဏာကြေး၊ အထူးမစွမ်းမသန်မှု အငြိမ်းစားလစာ၊ အမြဲတမ်းကူဖော်စရိတ်၊ ပြည်သူ့သားကောင်းတံဆိပ်နှင့် တိုက်ပွဲကျ/သေဆုံး အရာရှိ၊ စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် သေဆုံးမှုဆုကြေး၊ ကရုဏာကြေး၊ အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာ၊ ကလေးစရိတ်၊ ဒါက လစဉ်ဖြစ်ပါတယ်။ နောက် ပညာသင်စရိတ်၊ လစဉ် ဖြစ်ပါတယ်။ စစ်မှုထမ်းဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ကြေး၊ သားသမီး(၅)ဦးနှင့်အထက် ထောက်ပံ့ငွေ ခံစားခွင့်ပြုခြင်းနှင့် ဆေးကုသခွင့် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

တပ်မတော်မှ ဆောင်ရွက်ပေးမှုအပိုင်းကို ဆက်လက်တင်ပြရမယ်ဆိုရင် သက်ပြည့်အငြိမ်း စားများအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများ ချထားပေးလျက်ရှိရာ ၁၉၈၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အိမ်ရာ(၇၅၂)လုံး နေရာချထားပေးခြင်း၊ အစိုးရဌာန များနှင့် MEC ဦးပိုင်တို့တွင် အလုပ်အကိုင်များ နေရာချထားပေးခြင်း ဖြစ်ပါတယ်။ ခုနပြောတဲ့ ဦးဖုန်းမြင့်အောင် တင်ပြတဲ့ စစ်သည်အနေနဲ့ MEC နဲ့ ဆက်သွယ်မယ်ဆိုရင် ကျွန်တော်တို့ အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်ပါတယ်။ နောက် ဦးပိုင်မှာ နေရာချထားပေးနိုင်ပါတယ်။ နောက် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်သော သားသမီးများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန်ကျောင်းသား/ ကျောင်းသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခြင်း တို့ကို ဆောင်ရွက်စေသည့်အပြင် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့် စစ်မှုထမ်းများ အတွက် အစိုးရဌာနများနှင့် MEC ဦးပိုင်တို့တွင် အလုပ်အကိုင်များ နေရာချထားပေးခြင်း၊ မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက်တွင် အစုရှယ်ယာများ ထည့်သွင်းပေးခြင်း၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ ဆေးအဆင့်နိမ့် EA (၁)၊ (၂) များအတွက် အိမ်ရာပေါင်း(၂၅၇၈)လုံးနှင့် တိုက်ပွဲကျ/ သေဆုံးအရာရှိ စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် ရွှေပေါက်ကံမြို့သစ်၊ မြေကွက်(၆၂၃) ကွက် ဖော်ထုတ်၍ မြေနေရာချထားပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ပိုင်းအနေနဲ့ ကျွန်တော်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဆောင်ရွက်ပေးမှုများ ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား

ထောက်ပံ့ပေးခြင်း၊ နာရေးထောက်ပံ့ပေးခြင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် တက္ကသိုလ်၊ ကောလိပ် ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသူ/ကျောင်းသားများအား ထောက်ပံ့ပေးသည့်အပြင် မသန်မစွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အတွက် ကျွန်တော်တို့ ထောက်ပံ့ပေးလျက်ရှိပါတယ်။ နောက်တစ်ခုက ခြေတု၊ လက်တုများ တပ်ဆင် ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ တပ်မတော် အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် တိုက်ပွဲကျဆုံး အရာရှိတစ်ဦးလျှင် ကျပ်(၁၀)သိန်း၊ အခြားအဆင့်တစ်ဦးလျှင် ကျပ်(၈) သိန်း၊ စစ်မှုထမ်းဆောင်ခြင်းတွင် အကျုံးဝင်သော သေဆုံးအရာရှိတစ်ဦးလျှင် ကျပ်(၃)သိန်း၊ အခြား အဆင့်တစ်ဦးလျှင် ကျပ်(၂)သိန်း၊ EA (၁) အရာရှိတစ်ဦးလျှင် ကျပ်(၅)သိန်း၊ အခြားအဆင့်တစ်ဦးလျှင် ကျပ်(၃)သိန်း၊ EA (၂) အရာရှိတစ်ဦးလျှင် ကျပ်(၃)သိန်း၊ အခြားအဆင့်တစ်ဦးလျှင် ကျပ်(၂)သိန်း၊ ဒဏ်ရာရ အရာရှိတစ်ဦးလျှင် ကျပ်(၁)သိန်း နှင့် အခြားအဆင့်တစ်ဦးလျှင် ကျပ်(၅)သောင်းနှုန်း ထောက်ပံ့လျက် ရှိပါတယ်။ တပ်မတော်မှ အကြောင်းအမျိုးမျိုးကြောင့် အငြိမ်းစားယူခဲ့သော အရာရှိ၊ အခြားအဆင့် များထဲမှ MEC တွင် တာဝန်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာပါက အရာထမ်း၊ အရာရှိဖြစ်လျှင် စစ်ထောက်ချုပ်ထံ တင်ပြခွင့်ပြုချက် ရယူပြီး လျှောက်ထားနိုင်ပါတယ်။ အမှုထမ်း၊ အခြားအဆင့်ဖြစ်ပါက ဦးဆောင်ညွှန်ကြားရေးမှူး ဦးစီးတဲ့ ရာထူးခန့်ထားရေး ဘုတ်အဖွဲ့အစည်းဖြင့် ခန့်ထားဆောင်ရွက်ပေး လျက်ရှိပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြရမယ်ဆိုရင် မသန်မစွမ်းဖြစ်သွားတဲ့ တပ်မတော်သားများနှင့် သေဆုံး/ ကျဆုံး တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေအား ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၈)ဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ထားပြီး အဆိုပါဥပဒေအား လက်တွေ့အကောင် အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေအဖြစ် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ ဖြေကြားချက်အား နိဂုံးချုပ် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ တွန်းဇံမြို့၊ ဗျဲလ်ကျင်းချောင်း ရေအားအရင်းအမြစ် စူးစမ်းတိုင်းတာခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျမည့် ငွေလုံးငွေရင်းနှင့် စီမံကိန်းလုပ်ငန်းများ မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် က ချင်းပြည်နယ်၊ တွန်းဇံမြို့၊ ဗျဲလ်ကျင်းချောင်း ရေအားအရင်းအမြစ် စူးစမ်းတိုင်းတာခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျမည့် ငွေလုံးငွေရင်းနှင့် စီမံကိန်းလုပ်ငန်းများ မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ တွန်းဇံမြို့ ဖျဲလ်ကျင်းချောင်း ရေအားအရင်းအမြစ် စူးစမ်းတိုင်းတာခြင်းအတွက် ခန့်မှန်းကုန်ကျမယ့် ငွေလုံးငွေရင်းနှင့် ဆက်လက်၍ဆောင်ရွက်မယ့် အစီအမံ ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ တွန်းဇံမြို့ဟာ မဟာဓာတ်အားလိုင်းနဲ့ ဝေးကွာခြင်း၊ လက်ရှိအခြေအနေအရ မြို့ရဲ့ လျှပ်စစ်ဓာတ်အားကို တွီးဆောမ်းချောင်း ရေအားလျှပ်စစ်စက်ရုံမှ (၁၀၀)ကီလိုဝပ် စက်(၂)လုံး၊ ဒီဇယ်အင်ဂျင် (၈၀)ကီလိုဝပ် (၁)လုံးတို့ဖြင့် တွန်းဇံမြို့ကို ဖြန့်ဖြူးပေးလျက်ရှိရာ (၂)ရက်လျှင် တစ်ကြိမ်ကျ အလှည့်ကျစနစ်ဖြင့်သာ ဖြန့်ဖြူးခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားလုံလောက်စွာ မရရှိ၍ လုံလောက်စွာ မသုံးစွဲနိုင်သော အိမ်ခြေတော်တော်များများ ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် နာယကကြီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း ရဲ့ ချင်းပြည်နယ်ခရီးစဉ်မှာ တွန်းဇံမြို့ ရပ်မိရပ်ဖများ၊ အထက်အကူပြုများရဲ့ တင်ပြချက်နဲ့ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၄-၂၀၁၅ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းရဲ့ နောက်ဆက်တွဲ - ၂(က)ပါ နိုင်ငံ့အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက် (မူကြမ်း) ပြင်ဆင်ချက်၊ အဆိုပြုချက် ဇယားပါ စာတိုင်အမှတ်စဉ်(၁၀)၊ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးရာ ကော်မတီမှ အတွင်းရေးမှူး၏ ပြင်ဆင်တင်ပြချက်၊ အဆိုပြုချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ အထက်မြန်မာပြည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးလှိုင်ဘွား (ဦးစီးအရာရှိ) ခေါင်းဆောင်၍ ဝန်ထမ်း(၃)ဦးနဲ့အတူ ၉-၃-၂၀၁၄ ရက်နေ့တွင် တွန်းဇံမြို့သို့ ရောက်ရှိခဲ့ပါတယ်။ ၁၀-၃-၂၀၁၄ မှ ၁၄-၃-၂၀၁၄ အထိ စူးစမ်းတိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာမှာ လျာထားရေလွှဲဆည်နေရာ၊ ရေသွယ်မြောင်းနေရာ၊ ရေထိန်းကန်နေရာ၊ ဖိအားမြင့် ပိုက်လိုင်းနေရာ၊ စက်ရုံနေရာ၊ ချောင်းတစ်လျှောက် မြေဖို့၊ မြေမျက်နှာသွင်ပြင် တိုင်းတာခြင်း၊ ဖျဲလ်ကျင်းချောင်း ရေထုစီးနှုန်းတိုင်းတာခြင်း၊ အသေးစိတ်လုပ်ငန်းများ၊ တွန်းဇံမြို့မိုးရေချိန် အချက်အလက် စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ အတိုင်းအတာရရှိတဲ့ အချက်အလက်များမှာ လျာထား ရေလွှဲဆည်အလျား(၂၀)မီတာ၊ ရေသွယ်မြောင်းအလျား (၃၅၅၀)မီတာ၊ ဖိအားမြင့်ပိုက်လိုင်းအရှည် (၂၈၆)မီတာ၊ စုစုပေါင်းရေအားအမြင့် (၁၀၆)မီတာ၊ ရေထုစီးနှုန်း လျာထားရေလွှဲဆည် 0.26 $m^3$/S၊ ရေထုစီးနှုန်းလျာထားစက်ရုံ 0.235 $m^3$/S၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် (၁၃၆၂)မီလီမီတာ၊ ထွက်ရှိမည့် ဓာတ်အားခန့်မှန်း (၃၅၀)ကီလိုဝပ်၊ အနည်းဆုံးထွက်ရှိမယ့်ဓာတ်အား (၁၀၇)ကီလိုဝပ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဝေါဟာရလေး သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ Firm Discharge ($m^3$/S) 0.122 $m^3$/S, Monthly Average Discharge ($m^3$/S) (60 %) 0.339 $m^3$/S, Weir Water Level (m) 681.0 m, Canal Length 800 m, Head Tank Water Level (m) 676 m, Tail Water Level (m) 571 m, Gross Head (m) 105.00 m, Installed Capacity (KW) 351 KW, Firm Capacity (KW) 107.093 KW အသီးသီး တိုင်းတာရရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တွန်းဇံမြို့နယ်ဟာ တိုးတက်လာတဲ့လူဦးရေအရ လျှပ်စစ်ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ဓာတ်အားနဲ့ လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ တွန်းတွောင်ရွာနှင့် ဗျဲလ်ကျင်းရွာများသည်လည်း တွန်းဇံမြို့နှင့် တီးတိန်ကားလမ်းဘေးတွင် တည်ရှိသောကြောင့် လျှပ်စစ်ဓာတ်အား ခံစားခွင့်ပေးသင့်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရရဲ့ ရည်ရွယ်ချက်ဖြစ်သော နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အရလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် တစ်ခုအပါအဝင်ဖြစ်သော အမှန်တကယ် ဖြစ်နိုင်စွမ်းရှိသော ရေအားအရင်းအမြစ်များကို စူးစမ်းလေ့လာ၍ အကောင်အထည်ဖော် တည်ဆောက်ပေးရေး ရည်ရွယ်ချက်အရလည်းကောင်း၊ တွန်းဇံမြို့ဟာ မဟာဓာတ်အားလိုင်းရရှိရန် မလွယ်ကူသေးသောကြောင့်လည်းကောင်း၊ မြို့နယ်ရဲ့ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗျဲလ်ကျင်းချောင်း ရေအားအရင်းအမြစ် အကောင်အထည်ဖော် ဆောင်ရွက်သင့်သော စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း ယူဆသုံးသပ်မိပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဗျဲလ်ကျင်းချောင်း ရေအားအရင်းအမြစ် စူးစမ်းတိုင်းတာခြင်းလုပ်ငန်းများအတွက် အမှန်ကုန်ကျမယ့် ငွေလုံးငွေရင်း သိရှိလိုပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင် ကူညီပံ့ပိုးသွားမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား သိရှိလိုပါကြောင်း ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းပေါ်မှာ ကျွန်တော် (၂)ချက် တွေ့ရပါတယ်။ (၁)အချက်ကတော့ ဒီ ဗျဲလ်ကျင်းချောင်းပေါ်မှာ လုပ်မယ်ဆိုရင် ကုန်ကျစရိတ် ဘယ်လောက်လောက်ရှိမလဲ။ နောက်တစ်ခုကတော့ ဘယ်တော့ဆောင်ရွက်ပေးမလဲ၊ ရန်ပုံငွေ ဘယ်လိုလျာထားပေးမလဲဆိုတဲ့ ဒုတိယ(၁)ချက် ဖြစ်ပါတယ်။ အကျဉ်းချုပ်ပဲ ကျွန်တော် တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာလည်း တိုင်းတာပေးထားတဲ့ အချက်အလက်တွေဟာ ဖြစ်မြောက်နိုင်စွမ်းရှိပါတယ်။ လုပ်ရင်လည်း ဖြစ်ပါမယ်ဆိုတဲ့ ဟာတွေ တင်ပြပြီး သားဖြစ်တာကြောင့်မို့လို့ အဓိကအချက်ကတော့ ရေလွှဲဆည် ပါဝင်တပ်ဆင်ရမယ့် ရေအားလျှပ်စစ် အမျိုးအစား ဖြစ်ပါတယ်။ ရေသွယ်မြောင်းအလျားက (၂)မိုင်ကျော် ရှိပါတယ်။ ဖိအားမြင့်ပိုက်လိုင်းဆိုတဲ့ သံမဏိပိုက်လိုင်းက ပေ(၁၀၀၀)လောက် ရှိပါတယ်။ အဓိကအချက်ကတော့ အဲဒီ(၃)ချက်က ငွေကြေးကို ထိထိရောက်ရောက် ကုန်ကျစေမယ့် အဓိကကုန်ကျစရိတ် ဖြစ်မယ့်အချက် ဖြစ်ပါတယ်။

ဒီအပြင် ဖြစ်နေတာကတော့ ချင်းပြည်နယ်မှာရှိတဲ့ မြေအနေအထားဟာ သဘာဝအခြေအနေ အရကိုပဲ လျှောကျခြင်း၊ ပျက်ကျခြင်း၊ ပြိုကျခြင်းလေးတွေ ရှိတတ်တဲ့သဘော ရှိနေတာကို အဲဒီမှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကို ၁၉၈၀ ခုနှစ်လောက်ကတည်းက ကျွန်တော်တို့ရဲ့ နောင်တော်တွေ ကျွန်တော်တို့ပါ အပါအဝင်လုပ်ခဲ့ကျတုန်းက အတွေ့အကြုံတွေနဲ့ တချို့သောစရိတ်များဟာ အခြားအခြား သော နေရာများမှာ လုပ်တာထက် ပိုပြီးတော့အနည်းငယ် ကြီးမြင့်နေတယ် ဆိုတာကိုလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဒါပေမဲ့ အခု ကျွန်တော်တင်ပြမယ့်အထဲမှာ အဓိကကျတဲ့ စောစောကတင်ပြခဲ့တဲ့ လုပ်ငန်းကြီး(၃)ရပ် အပြင် နုန်းစစ်ကန်တို့၊ နုန်းထိန်းကန်တို့ ဓာတ်အားပေး စက်ရုံတို့ အစရှိသဖြင့် ထည့်သွင်းတွက်ချက်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ စုစုပေါင်း သန်းပေါင်း(၁၈၂၀)လောက် ကုန်ကျနေမှာ ကို တွေ့ရှိရပါတယ်။

ဒါဟာလည်း ကျွန်တော်တို့ တိုင်းတာတွက်ချက်တဲ့အချိန်မှာ အသေးစိတ် အချိန်ပေးပြီးတော့ ကျွန်တော်တို့ ကုန်ကျစရိတ်ကို မတွက်ချက်နိုင်ခဲ့ပါဘူး။ အဓိကတွက်ချက်တာကတော့ ဖြစ်နိုင်ခြေရှိ/မရှိ ဆိုတဲ့ဟာကို အဓိကတွက်ပါတယ်။ ပြီးတော့ အနီးအနားမှာရှိတဲ့ ကျွန်တော်တို့ အရင် တိုင်းတာထား ပြီးသားဖြစ်တဲ့ လိုင်ဘုံချောင်း ဆိုတဲ့ စီမံကိန်းကို လုပ်မယ်ဆိုတုန်းက ကျွန်တော်တို့ အတော်အသေးစိတ် တိုင်းတာထားတဲ့အပေါ်မှာ အခြေခံပြီးတော့ ဒီဒေသမှာတော့ ဒီလောက်လောက်တော့ ကုန်ကျပါလိမ့်မယ် လို့ ကျွန်တော်တို့ ခန့်မှန်းခြင်းသာလျှင် ဖြစ်ပါတယ်။ တကယ်လုပ်တော့မယ်၊ တကယ်လုပ်ငန်းကို အပ်တော့မယ် ဆိုတဲ့အခါမှာတော့ အသေးစိတ် ကျွန်တော်တို့ ပြန်ပြီးတော့ ရနိုင်တဲ့ပစ္စည်း အခြေအနေ၊ နောက် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လုပ်အားခ ဒါလေးတွေ နည်းနည်းထပ်ပြီးတော့ တွက်ရဦးမှာ ဖြစ်ပါတယ်။

အဲဒီတော့ အဓိကအားဖြင့် တင်ပြလိုတာကတော့ ဒီစီမံကိန်းကို အစ/အဆုံး လုပ်မယ်ဆိုလို့ ရှိရင် ကျပ်သန်းပေါင်း(၁၈၂၀)လောက် ကုန်ကျမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အသေးစားရေအားလျှပ်စစ်စီမံကိန်း (၁)မဂ္ဂါဝပ်၊ (၂)မဂ္ဂါဝပ် စသည်ဖြင့် အသေးစားလေး တွေထိအောင် ကျွန်တော်တို့ ပြည်နယ်/တိုင်းဒေသကြီးတွေ အစိုးရအဖွဲ့ကြီးတွေရဲ့ လုပ်ပိုင်ခွင့်ရှိပါတယ်။ အဲဒီလို လုပ်ပိုင်ခွင့်ရှိတဲ့အခါမှာ သူတို့အနေနဲ့ စူးစမ်းမယ်၊ လေ့လာမယ်၊ တိုင်းတာမယ် ဆိုတာကတော့ သူတို့မှာ အဖွဲ့အစည်း မရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို အကူအညီတောင်းပြီးတော့ အဲဒီ ဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းထားတဲ့ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနကပဲ ကျွန်တော်တို့ သွားရောက်ပြီးတော့ တိုင်းတာတွက်ချက် လုပ်ပေး ပါတယ်။

တကယ်လုပ်ပြီ ဆိုတဲ့အခါကျရင်တော့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က နှစ်စဉ်လျာထားရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးတော့ လုပ်ငန်းတင်ဒါခေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု ငှားရမ်းခြင်း၊ ဒီလိုအလုပ်တွေကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နမူနာလေးတစ်ခု တင်ပြပါရစေ။ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ရန်ပုံငွေနှစ်မှာ နာဂအထူးဒေသ စစ်ကိုင်းတိုင်း ဒေသကြီးမှာ ကျွန်တော်တို့ မတူပီ စီမံကိန်း၊ ပွေထိုက်စီမံကိန်း၊ တိုင်းခန်းချောင်းစီမံကိန်းဆိုပြီး စီမံကိန်း (၃)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကပဲ ရန်ပုံငွေလျာထားပြီးတော့ ဆောင်ရွက်ခဲ့ရာမှာ အခု အဲဒီလုပ်ငန်းအတွက် တင်ဒါခေါ်ခြင်း၊ ကန်ထရိုက်ခေါ်ခြင်း၊ စိစစ်ခြင်းတွေကို ဆောင်ရွက်နေပြီဖြစ်တဲ့ အတွက်ကြောင့်မို့ ရန်ပုံငွေ (၂)နှစ်လောက် လျာထားလို့ရှိရင် သူတို့ စီမံကိန်းပြီးမယ်လို့ သူတို့ကို သူတို့ လည်းပဲ ယုံကြည်နေကြပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ကနေပြီးတော့ပဲ နှစ်စဉ်လျာထားတဲ့အထဲမှာ ကျွန်တော်တို့ လုပ်နိုင်သလောက် ထည့်သွင်းတင်ပြ တောင်းခံသွားဖို့ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီနေရာမှာ လုပ်တဲ့နေရာမှာ အခက်အခဲရှိမယ်။ နည်းပညာပိုင်းဆိုင်ရာအရ ကျွန်တော်တို့ ကြီးကြပ်စီမံပေးဖို့ လိုအပ်မယ်ဆိုလို့ရှိရင် ဒီချင်းပြည်နယ် အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့ မုံရွာဒေသမှာကျွန်တော်တို့ မုံရွာမြို့ပေါ်မှာပဲ တည်ဆောက်ရေးတစ်ခုကို ကျွန်တော်တို့ နေရာချပေးထားပါတယ်။ အဲဒီကိုလည်း ကျွန်တော်တို့ သွားရောက်ပြီးတော့ ထိုက်သင့်တဲ့ ကြီးကြပ်မှု၊ အကြံဉာဏ်ပေးမှုကို ငှားရမ်းထားတဲ့ ကန်ထရိုက်တာတွေအပေါ်မှာ လုပ်ငန်းဆောင်ရွက်မှု မလွဲမချော်အောင် ကြီးကြပ်ပေးနိုင်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ အသေးစားရေအားလျှပ်စစ်စီမံကိန်းတွေနဲ့ စပ်လျဉ်းပြီးတော့ ဒီနေရာမှာ ကျွန်တော်တို့ ကြုံတဲ့အချိန်လေးမှာ အနည်းငယ်တင်ပြလိုပါတယ်။ အသေးစားရေအားလျှပ်စစ်စီမံကိန်း တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လိုက်ပါပြီးတော့ အကောင်အထည်ဖော်ခြင်းတွေ ကို ကျွန်တော်တို့ မလုပ်တော့ပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနကလည်း တဖြည်းဖြည်းနဲ့ Privitization ကို သွားနေတဲ့အချိန်မှာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းတွေမှာရှိတဲ့ အစိုးရအဖွဲ့အစည်းအသီးသီးဟာလည်း အသေးစားလေးတွေကို မိမိဘာသာမိမိလုပ်နိုင်အောင်လို့ ဆိုပြီးတော့ ကျွန်တော်တို့က လောလောဆယ် တော့ စူးစမ်းတိုင်းတာလေ့လာတဲ့အဆင့်ကိုတော့ ဖြစ်အောင်လိုက်လုပ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ ရေရှည် မှာတော့ မိမိဘာသာပဲ ရင်းနှီးမြှုပ်နှံပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့အတွက် ပြည်ထောင်စု အစိုးရကြီးဆီမှာ တင်ပြပြီးတော့ ရန်ပုံငွေတောင်းခံပြီးတော့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် တို့ ကနေ စိစစ်ပြီးတော့ ဒါကို ခွင့်ပြုပေးသွားမယ်ဆိုရင် ဖြစ်နိုင်ဖွယ် ရှိပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့၊ ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေးဦးစီးဌာနအနေနဲ့ ဒီအစိုးရအသစ် တက်လာပြီးတဲ့နောက်ပိုင်းမှာ ပြည်နယ်နဲ့တိုင်းဒေသအသီးသီး မှာ ကျွန်တော်တို့ (၃၈)နေရာမှာ သွားရောက်ပြီးတော့ ဒီလိုပဲ တင်ပြလာတဲ့ဟာတွေ၊ အကြောင်းကြားလာ တဲ့ဟာတွေ ရှိတဲ့အပေါ်မှာ ကျွန်တော်တို့ တိုင်းတာပေးခဲ့ပါတယ်။ အဲဒီထဲက (၃၈)ခုရောက်တဲ့အထဲမှာ (၂)ခုသာလျှင် ကျန်ရှိပါတယ်။

အဲဒီ(၂)ခုလည်း ကျွန်တော်တို့ ဒီနှစ်မိုးကျသွားပြီးမှ ပြောလာတဲ့အတွက်ကြောင့်မို့လို့ ဒီတိုင်းတာ ခြင်း လုပ်ငန်းတွေကို ကျွန်တော်တို့က မိုးတွင်းမှာ မဆောင်ရွက်ပါဘူး။ ရေအနည်းဆုံးအချိန်မှာ ဖြစ်နိုင်တဲ့

ရေကို ရဖို့အတွက် မတ်လလောက်မှာပဲ ကျွန်တော်တို့သွားပြီး ဆောင်ရွက်တဲ့အတွက်ကြောင့်မို့ အဲဒါတွေလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း တစ်ပါတည်း သတင်းကောင်းပါးရင်းနဲ့ ကျွန်တော့်တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ဆင်လူးကန်နှင့် ချောင်းဆုံကန်အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ဆင်လူးကန်နှင့် ချောင်းဆုံကန်အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဆင်လူးကျေးရွာရှိ ဆင်လူးကန်နှင့် ချောင်းဆုံကျေးရွာရှိ ချောင်းဆုံကန်အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပွင့်ဖြူမြို့နယ်အတွင်း ဆင်လူးကျေးရွာရှိ ဆင်လူးကန်သည် ၁၉၉၆ ခုနှစ်က တူးဖော်ခဲ့ပြီး စိုက်ဧက(၂၇၅)ဧကကို အကျိုးပြုခဲ့သော ကန်ကြီးဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်း တိုက်ခတ်သည့်အတွက် ကန်များပျက်စီးပြီး ကန်များလည်း တိမ်ကောလာခဲ့ပါတယ်။ အလားတူ ပွင့်ဖြူမြို့နယ်၊ ချောင်းဆုံကျေးရွာရှိ ချောင်းဆုံကန်သည် ၁၉၉၇ ခုနှစ်က စတင်တူးဖော်ခဲ့ပြီး စိုက်ဧက(၁၅၄)ဧကကို စိုက်ပျိုးရေ ပေးဝေသောကန်ကြီး ဖြစ်ပါတယ်။ ဆင်လူးကန်ကဲ့သို့ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းဒဏ်ကြောင့် ကမ်းများတိမ်ကောပျက်စီးခဲ့ပါတယ်။ ၎င်းကန်များကို အားကိုးနေကြသော ကျေးရွာများရှိ လူဦးရေ (၃၂၂၅)ဦးနှင့် ကျွဲ၊ နွားကောင်ရေ (၅၅၅၃)ကောင်တို့၏ သောက်သုံးရေနှင့် စိုက်ဧက (၄၂၉) ဧက စိုက်ပျိုးရေရရှိရန်အတွက် ရေရရှိမှုအခက်အခဲကလည်း ယနေ့အချိန်ထိ ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆင်လူးကျေးရွာရှိ၊ ချောင်းဆုံကျေးရွာရှိ ပြည်သူများ စိုက်ပျိုးရေရရှိရန်အတွက် ပွင့်ဖြူမြို့နယ်ရှိ ဆင်လူးကန်နှင့် ချောင်းဆုံကန်တို့အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိတို့အား

သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ အတွင်းရှိ စစ်တန်းချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်(ခွဲ)အတွင်းရှိ စစ်တန်းချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမြို့နယ်(ခွဲ)ရဲ့ တံတားမြို့နယ်အတွင်းမှာရှိနေတဲ့ ဒီ စစ်တန်းချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ စစ်တန်းချောင်းဟာ မိုင်အားဖြင့် (၂)မိုင်ခွဲခန့်ရှိပါတယ်။ အဲဒီတော့ ဒီစစ်တန်းချောင်းကို မှီခိုပြီးတော့နေတဲ့ စစ်တန်းကျေးရွာရယ်၊ နောက် တမန်ကျည်းကုန်း ကျေးရွာ၊ အဲဒီကျေးရွာမှာ ရှိနေတဲ့ လယ်ဧကပေါင်း (၁၅၀၀)ဟာ နှစ်စဉ် ရေနှစ်မြုပ်ခြင်း ဘေးအန္တရာယ်ကို ခံစားရပါတယ်။

ဒါကြောင့် ဒီလယ်ယာမြေတွေ ပျက်စီးတယ်။ ပြန်ပြီး ကျွန်တော်တို့က စိုက်ရ၊ ပျိုးရတဲ့အတွက်ကြောင့် အဲဒီမှာ နေထိုင်ကြတဲ့ လူဦးရေပေါင်း(၇၅၀၀)ကျော်ဟာ ဒုက္ခသုခနဲ့ နှစ်စဉ် ခံစားနေရပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ နိုင်ငံတော်အစိုးရကလည်းပဲ ပြည်သူလူထုကို အခြေပြုတဲ့ (People Oriented Policy) ချထားပါတယ်။ နောက် ကျွန်တော်တို့ လူမှုစီးပွားရေးအတွက် (Social Economy) အတွက် အင်မတန်မှ အရေးကြီးတဲ့အပိုင်းက ပါဝင်နေတဲ့အတွက်ကြောင့် အခု ကောနေတဲ့ စစ်တန်းချောင်းကို ပြန်လည်ပြီးတော့ တူးဖော်ပေးကြလိုတဲ့ ပြည်သူများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဒီစစ်တန်းချောင်း ကောနေခြင်းကို ပြန်လည်ပြီးတော့မှ ပြုပြင်ပေးရန် ရှိ/မရှိ မေးခွန်းအား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ကန်သာဦးသုသာန်အဟောင်း မြေနေရာအား မည်သို့အသုံးချမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ကန်သာဦးသုသာန်အဟောင်း မြေနေရာအား မည်သို့ အသုံးချမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင် လူကြီးမင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှာ ယခင်ရှိခဲ့တဲ့ ကန်သာဦးသုသာန်အစား ယခုအချိန်မှာဆိုလို့ရှိရင် အေးငြိမ်းရာသုသာန် အဖြစ်နဲ့ ပြောင်းရွှေ့ပြီးတော့ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ယခင် ကန်သာဦးသုသာန်နေရာဟာ ပြည်မြို့ရဲ့ အချက် အချာကျတဲ့ ရွာဘဲရပ်ကွက်အတွင်းမှာ တည်ရှိပြီးတော့ (၄)ဧကလောက် ကျယ်ဝန်းပါတယ်။ ယခုအခါမှာ သူရဲ့ပတ်ဝန်းကျင်မှာ လူနေအိမ်ခြေထူထပ်များပြားလာပြီး စည်ကားလာတာဖြစ်သည့် အတွက်ကြောင့် ဒီ ကန်သာဦးသုသာန်မြေနေရာကို မည်သို့ ဆက်လက်အသုံးချမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ဆင်လူးကန်နဲ့ချောင်းဆုံကန်ဟာ ကျေးလက်ဆည်ကန်များ ဖြစ်ပါတယ်။ ဆင်လူးကန်မှာ ရေသောက်ဧရိယာဧက (၁၀၅)ဧက ရှိပြီးတော့ တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ချောင်းဆုံကန်မှာ ရေသောက်ဧရိယာ ဧက(၁၇၅)ဧကရှိပြီး တမံမြေဖို့ခြင်း နဲ့ ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ၂-၅-၂၀၁၄ ရက်နေ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ မန်းရတနာရိပ်သာမှာ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံ ပြည်သူများနဲ့ တွေ့ဆုံတဲ့အခါမှာ မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီးရဲ့ တင်ပြချက် အရ စိုက်ပျိုးရေးနဲ့ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ပြုပြင်ရန်လိုအပ်တဲ့ ဆည်ငယ်၊ ကန်ငယ် များ ပြုစုပေးဖို့ရန် ညွှန်ကြားချက်အရ အဆိုပါ ဆင်လူးကန်နဲ့ ချောင်းဆုံကန်ဟာ ပြုပြင်ရန် လိုအပ်သော

ဆည်ငယ်၊ ကန်ငယ်များစာရင်းမှာ ထည့်သွင်းတင်ပြထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်(ခွဲ)အတွင်းမှာရှိတဲ့ စစ်တန်းချောင်းဟာ တမံကြီးကုန်းကျေးရွာ၊ စစ်တန်းကျေးရွာများမှာရှိတဲ့ လယ်ယာမြေများရဲ့ မိုးတွင်းကာလ ပိုလျှံရေများကို တံတားမြို့နယ်မှ ဖြတ်ပြီးတော့ ဆင်မကော်ချောင်းမှတစ်ဆင့် မှော်ဝန်းချောင်းအတွင်းကို ထုတ်နုတ်လျက်ရှိသော ချောင်း ဖြစ်ပါတယ်။ စုစုပေါင်း စစ်တန်းချောင်းအလျားမှာ စစ်တန်းကျေးရွာလက်တက်များ၊ တမံကြီးကုန်းကျေးရွာ လက်တက်များ အပါအဝင် တံတားမြို့နယ်အထိ (၆.၅)မိုင်ရှည်လျားပြီးတော့ စစ်တန်းကျေးရွာအနီးမှာ (၂.၅)မိုင်ခန့် တိမ်ကောလျက်ရှိပါတယ်။ စစ်တန်းချောင်းတိမ်ကောခြင်းကို တူးဖော်နိုင်ရန် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနသို့တင်ပြတောင်းခံပြီးတော့ ခွင့်ပြုရန်ပုံငွေ ရရှိပါက ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပြည်မြို့ ရွာဘဲရပ်ကွက် ကွင်းအမှတ် (၁၃-စီ)၊ ဦးပိုင်အမှတ်(၈၉)၊ မြေဧရိယာ(၃.၇၅၂)ဧကအား ကန်သာဦးသုသာန်မြေအဖြစ် ၁၉၅၃-၁၉၅၄ ခုနှစ်မှစပြီး စတင်အသုံးပြုခဲ့ပြီးတော့ သုသာန်မြေနေရာမှာ လူနေရပ်ကွက်များနဲ့ ထိစပ်လျက် မြို့တွင်းသို့ ရောက်ရှိနေတဲ့အတွက်ကြောင့် ၂၀၀၅ခုနှစ်မှာ အနောက်ရွာသစ်အုပ်စု၊ သဇင်လှကျေးရွာမှာ အေးငြိမ်းရာ (ဘာသာပေါင်းစုံ) သုသာန်မြေ (၂၈.၀၉)ဧကအား ဖော်ထုတ်ပြီးတော့ ပြောင်းရွှေ့အသုံးပြုလျက်ရှိပါတယ်။ ကန်သာဦးသုသာန်မြေအဖြစ် သုံးစွဲမှုမရှိတဲ့အတွက်ကြောင့် ကျူးကျော်နေအိမ်တဲများ ဆောက်လုပ်နေထိုင်ကြောင်း တွေ့ရှိရပြီး ဖယ်ရှားရန်အခက်အခဲများ ရှိသောကြောင့် ပိတ်သိမ်းပြီးသော သုသာန်မြေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြန်လည်အပ်နှံရန်အတွက် အမှုတွဲဖွင့်လှစ်တင်ပြစေရန် ပြည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ၃-၅-၂၀၁၃ ရက်နေ့မှာ အကြောင်းကြားခဲ့ပါတယ်။

ကန်သာဦးသုသာန်မြေ (၀.၇၅၂)ဧက ကျယ်ဝန်းပြီးတော့ သုသာန်မြေအဖြစ် ပိတ်သိမ်းခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် အထက်မြန်မာနိုင်ငံ မြေနဲ့အခွန် စည်းမျဉ်းဥပဒေ၊ အက်ဥပဒေ ပုဒ်မ ၂၄၊ နည်းဥပဒေ ၁၁(က)နဲ့ အမိန့်ဆင့်ဆိုချက် ၆၂ တို့အရ အစိုးရမြေအဖြစ် ပြန်လည်သတ်မှတ်ရန်အတွက် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၅-၄-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃/ ၇၁ -၁/ ဦး - ၆ ဖြင့် တင်ပြခဲ့ပြီးတော့ အမှုတွဲမှာ (၃.၇၅၂)ဧကအား မြေကွက်ချပုံစံဖြင့် မြေပုံ

ရေးဆွဲပေးပို့ခဲ့ရာ (၄၀x ၆၀)ပေ (၃၂)ကွက်နဲ့ မြေကွက်အရွယ်စုံ (၁၄)ကွက် ဖော်ထုတ်ရရှိပြီးဖြစ်ကြောင်း မြေပုံနဲ့တကွ တင်ပြပြီးဖြစ်ပါတယ်။

ပြည်ခရိုင်ဟာ ခရိုင်၊ မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပြီး ခရိုင်အဆင့်ဌာနပေါင်း(၅၆)ဌာနမှာ မြေနေရာ မရှိသေးတဲ့ဌာန(၃)ခုနဲ့ မြို့နယ်အဆင့်ပေါင်း(၅၂)ဌာနမှာ မြေနေရာမရှိတဲ့ဌာန(၄)ဌာန ရှိပြီးတော့ ယနေ့ အထိ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မြေနေရာရရှိရေး ဆောင်ရွက်ရန်အတွက် လျှောက်ထား တဲ့ ဌာနတွေဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ (၂) လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက် (တိုင်း)၊ (၃) တိုင်းရင်းဆေးကုဌာန၊ (၄) အမှတ်(၁၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံး၊ (၅) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးအဖွဲ့။

သို့ဖြစ်ပါ၍ ဌာနဆိုင်ရာရုံးမြေနေရာ လျှောက်ထားတင်ပြလာသည့် ဌာနများအတွက် မြေကွက် များကို ဆက်လက်ချထားပေးရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ၄-၃-၂၀၁၄ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆိုတင်သွင်းပြီး ၂၆-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုး ပြီး ၁-၇-၂၀၁၄ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးအောင်မြင့်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၆၂
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်သွင်းသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၀-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ယင်းနေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၄-၆-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်ထောင်စုလွှတ်တော်က ၇-၈-၂၀၁၃ ရက်နေ့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ရာတွင် ဥပဒေ၏ခေါင်းစီးဖြစ်သော လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး ဆိုသည့်စကားရပ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဟုသာ ပြင်ဆင်ခဲ့ပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များရှိ လာဘ်ပေးလာဘ်ယူမှု ဆိုသည့် စကားရပ်များကို ပြင်ဆင်ခဲ့ခြင်း မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဥပဒေ၏ခေါင်းစီးနှင့် ဥပဒေပါ စကားရပ်များ လိုက်လျောညီထွေ ဖြစ်စေရန်လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ် ဟု သတ်မှတ်နိုင်ရန်လည်းကောင်း၊ ဤပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တစ်ရပ်လုံး၏ အဆင့်အတန်းကို လျော်ညီသည့်အဆင့်အတန်းနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ပုဒ်မ ၇၀ ပါ ပြင်ဆင်ချက်နှင့် ပုဒ်မ ၁၄ ကို ညီညွတ်မှုရှိစေရန်လည်းကောင်း ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ခြင်း ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၇-၂၀၁၄ (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ၏ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး တင်သွင်းထားတဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက်သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်

ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က လေးစားစွာ ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီနေ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး တင်သွင်းထားတဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၅)ချက်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အနက် သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိရေးလုပ်ငန်းကို အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ အလားတူပဲ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ အဲဒီလုပ်ငန်းစဉ်(၅)ရပ်ကတော့ (က) ကျောင်းနဲ့ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ (ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနဲ့ ကုသရေး၊ (ဂ) ရောဂါကာကွယ်ရေး၊ (ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနဲ့ (င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအစားအစာများ အန္တရာယ်ကင်းရေးတို့ ဖြစ်ကြပါတယ်။

ဒီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လုပ်ဆောင်တဲ့အခါ ဆေးရုံ၊ ဆေးပေးခန်းတွေရှိတဲ့ မြို့ပြဒေသနဲ့ ကျေးရွာကြီးတွေမှာ အဆင်ပြေနိုင်ပေမယ့် ဆေးရုံ၊ ဆေးပေးခန်းတွေနဲ့ အလှမ်းကွာဝေးတဲ့ ကျေးလက်ဒေသတွေအတွက် တော်တော်အခက်အခဲရှိပါတယ်။

ကျေးလက်နေပြည်သူများရဲ့ကျန်းမာရေးကဏ္ဍ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံရဲ့လူဦးရေ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့လူဦးရေဟာ သန်း(၆၀)ဖြစ်တဲ့အတွက် လူဦးရေ(၄၂)သန်းဟာ ကျေးရွာဒေသတွေမှာ နေထိုင်ကြပါတယ်။ မြန်မာနိုင်ငံမှာ ကျေးလက်ကျန်းမာရေးဌာန (၁၆၈၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၅၃၈)ခုရှိပြီး အခြေခံကျန်းမာရေးဝန်ထမ်းအင်အား (၁၈၁၉၅)ဦး ရှိပါတယ်။ ဒီအခြေခံကျန်းမာရေး ဝန်ထမ်းတွေနဲ့ ရွေ့လျားဆေးကုသရေးအဖွဲ့များနဲ့ အားဖြည့်လျက်ရှိတဲ့အခါမှာ လူဦးရေတစ်သောင်းလျှင် အခြေခံကျန်းမာရေးဝန်ထမ်း လုပ်သားလေးဦးခန့်သာ ထားရှိပါတယ်။ ဆိုတော့ ဒီလူဦးရေတစ်သောင်းကို လူလေးယောက်ပမာဏနဲ့ ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ အခြေခံကျန်းမာရေးဝန်ထမ်းလေးဦးပမာဏနဲ့ချိန်ရင် တော်တော်ကို မနိုင်မနင်းဖြစ်နေမှာကို တွေ့ရပါတယ်။ ကျန်းမာရေး

ဝန်ကြီးဌာနအနေနဲ့လည်း (၁) လူတိုင်းသက်တမ်းစေ့ အသက်ရှင်စွာနေနိုင်ရေး၊ (၂) လူတိုင်းရောဂါဘယ ကင်းဝေးရေး ဆိုတဲ့ ရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဆေးရုံတွေမှာတော့ စရိတ်မျှပေး ဆိုတဲ့ ကြေညာစာတမ်းတွေကို ကြော်ငြာသင်ပုန်းတွေမှာ လူအများ မြင်သာအောင် ကြေညာထားတာ တွေ့ရှိရပါတယ်။ ဆေးရုံတက်ခဲ့ဖူးတဲ့ လူနာတွေကတော့ စရိတ်အားလုံးကို ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ကြောင့် လူတိုင်းလူတိုင်းဟာ မိမိကိုယ်မိမိ လုံခြုံစိတ်ချဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ကျောင်းနေအရွယ် ငယ်စဉ်ကလေးဘဝကပင် သိကျွမ်းလေ့ကျင့်တတ်လာဖို့ လိုပါတယ်။

ကျောင်းနေကလေးအရွယ်ကျန်းမာရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအကြောင်းအချက်တွေ အများကြီး ရှိကြပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံလည်း မတူညီကြပါဘူး။ ဒါပေမဲ့ တူညီတဲ့အချက်နှစ်ချက်ကတော့ (၁) ကျန်းမာရေးစောင့်ရှောက်မှုကောင်းခြင်းနဲ့ (၂) ပညာရည်မြင့်မားခြင်း တို့ပဲ ဖြစ်ပါတယ်။ ဒီ ကျန်းမာရေး စောင့်ရှောက်မှုကောင်းမွန်ခြင်းနဲ့ ပညာရည်မြင့်မားရေးဟာလည်း တစ်ခုနဲ့တစ်ခု အပြန်အပြန်အလှန်အလှန် မှီတည်ဆက်စပ်နေကြပါတယ်။ နိုင်ငံတော်ရဲ့လူမှုရေး ဦးတည်ချက်လေးရပ်ထဲမှာလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးလို့ ဖော်ပြထားပါတယ်။ ဒီဦးတည်ချက်ကို ကျောင်းနေကလေးအရွယ်မှစပြီး အကောင်အထည်ဖော် လုပ်ဆောင်ပေးဖို့လိုပါတယ်။ ကျောင်းသားအရွယ်ကလေးငယ်တွေက ကျန်းမာရေးကောင်းမွန်မှ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်လာမည်ဖြစ်တဲ့အတွက် ကျောင်းနေအရွယ် ကလေးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို နိုင်ငံတော်မှ အထူးအလေးပေး ဆောင်ရွက်ဖို့ လိုပါတယ်။ ကျန်းမာရေး အသိပညာနဲ့ အလေ့အကျင့်တွေကို ငယ်စဉ်ကပင် သိရှိလေ့ကျင့် ထိန်းသိမ်းလာကြမယ်ဆိုရင် နိုင်ငံရဲ့အရေးကြီးတဲ့ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုတွေဟာ မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။

ကျန်းမာရေးအစသန့်ရှင်းရေးက။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ငါးနှစ်အောက်ကလေး နှစ်စဉ် (၆.၉)သန်းခန့် သေဆုံးနေကြောင်း၊ ၎င်း သေဆုံးသူကလေးများအနက် သုံးပုံနှစ်ပုံခန့်မှာ ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် နမိုးနီးယားရောဂါ တို့ကြောင့် ဖြစ်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် စက္ကန့်(၃၀)လျှင် ကလေးတစ်ဦးနှုန်း သေဆုံးနေကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ခန့်မှန်းဖော်ပြထားကြောင်း၊ ၂၅-၆-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာရဲ့ ခေါင်းကြီးပိုင်းမှာ ဖော်ပြထားပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် လက်သန့်ရှင်းမှု မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ လက်ဆေးခြင်းသည် အနာဂတ်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လူမှုဝန်းကျင်အတွင်း အိမ်သာသန့်၊ အစာသန့်၊ ရေသန့်၊ လက်သန့် ဟူသည့် သန့်လေးသန့် ပြည့်စုံနေစေရန်လိုအပ်ကြောင်း အဆိုပါ သတင်းစာခေါင်းကြီး က ဆက်လက်ဖော်ပြထားပါတယ်။

ဝေးလံခေါင်သီသော ကျေးလက်ဒေသများရှိ အခြေခံပညာကျောင်းများ၌ သန့်လေးသန့် စီမံကိန်းများ အကောင်အထည်ဖော်ရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၃-၆-၂၀၁၃ နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)မှာ ယခု အဆိုကို တင်သွင်းသူ ဒေါက်တာခင်မောင်လေး ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်မှာ အ.ထ.ကကျောင်း(၈)ကျောင်း၊

အ.ထ.က(ခွဲ)ကျောင်း(၇)ကျောင်း၊ အ.လ.ကကျောင်း(၇)ကျောင်း၊ မူလတန်းကျောင်း(၁၆၂)ကျောင်း စုစုပေါင်း(၁၈၄)ကျောင်းရှိတဲ့အနက် အ.ထ.က(၃)ကျောင်း၊ အ.လ.က(၃)ကျောင်းနဲ့ အ.မ.က(၃)ကျောင်း စုစုပေါင်း(၉)ကျောင်းကို ကျောင်းကျန်းမာရေးဌာနမှ ဘက်စုံစံပြကျောင်းများအဖြစ် ရွေးချယ်ထုတ်ပြန်၍ ဆုများချီးမြှင့်ကြောင်း ဖတ်ရှုရတဲ့အတွက် အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း ထုတ်ဖော်ပြောကြားအပ်ပါတယ်။ အလားတူ ဝေးလံခေါင်သီသောဒေသများရှိ အခြေခံပညာကျောင်းများကိုလည်း ကျောင်းကျန်းမာရေးဌာနအနေဖြင့် သန့်လေးသန့်စီမံကိန်းများ ချမှတ်လုပ်ဆောင်လျက် ဘက်စုံစံပြကျောင်းများအဖြစ် ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းရင်း ဒေါက်တာခင်မောင်လေး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှန် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ရဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အခြေခံပညာကျောင်းအားလုံးမှာ သန့်ရှင်းတဲ့ သောက်ရေရရှိရေး၊ သုံးရေရရှိရေးကို အပိုင်း(၂)ပိုင်း ခွဲခြားတင်ပြသွားပါမယ်။ အခြေခံပညာကျောင်းများမှာ အ.ထ.က၊ အ.လ.က၊ အ.မ.က၊ တွဲဖက်ကျောင်း၊ ကျောင်း(ခွဲ) စသည်ဖြင့် အများအပြားရှိတဲ့အနက်မှ ဆရာ၊ ဆရာမနှင့်ကျောင်းသား ဦးရေ(၅၀)ကနေပြီးတော့ ဦးရေ(၂၀၀၀)ကျော်တဲ့ အ.ထ.က ကျောင်းများအထိလည်း ရှိပါတယ်။ သောက်သုံးရေရရှိတဲ့အပိုင်းမှာ အဆိုရှင် တင်ပြသွားသလို ကျောင်းပိုင်အဝီစိတွင်း၊ တုံကင်တွင်း၊ လက်ခပ်တွင်းများရှိတဲ့ ကျောင်းဦးရေဟာ (၅၂)ရာခိုင်နှုန်းခန့်ရှိပြီးတော့ ကျန်(၄၈)ရာခိုင်နှုန်းမှာ နည်းလမ်းပေါင်းမျိုးစုံနဲ့ သောက်သုံးရေကို ရရှိသောက်သုံးလျက်ရှိကြောင်း လေ့လာရပါတယ်ခင်ဗျား။ မြို့ကြီးများမှာရှိတဲ့ အ.ထ.က၊ အ.လ.က၊ အ.မ.က များအနေနဲ့ ရေသန့်ဘူးကြီးများကို ဝယ်ယူသောက်သုံးနိုင်တဲ့ ကျောင်းများ အများအပြားရှိပေမယ့်လည်းပဲ ကျေးရွာအုပ်စုကျေးရွာများမှာ ရှိတဲ့ အ.မ.က ကျောင်းတွေဆိုလို့ရှိရင် မိုင်ဝက်ခန့်ဝေးတဲ့ ရွာအတွင်းမှာရှိတဲ့ ရေတွင်း၊ ရေကန် နောက်ပြီးတော့ ဘုန်းကြီးကျောင်းတွေမှာရှိတဲ့ ရေကန်တွေကနေ ပြီးတော့ ကျောင်းသား/ကျောင်းသူတွေဟာ ကျောင်းမတက်ခင် နံနက် အပြေးအလွှား ပျော်ပျော်ပါးပါးနဲ့ ခပ်ပြီးတော့ သယ်ပြီးတော့ သောက်သုံးရေများကို သုံးစွဲလျက်ရှိကြပါတယ်။

ရေခပ်ခြင်းကို ကျောင်းသား/ကျောင်းသူများ ပျော်ပျော်ပါးပါး သယ်ယူကြသည် ဟု ဆိုလိုရင်းကတော့ ကလေးသဘာဝ မိမိတို့ရဲ့ဆရာ၊ ဆရာမများ ခိုင်းစေတာကို ဝမ်းမြောက်ဝမ်းသာ လုပ်ကိုင်ချင်ပြီးတော့ တက်တက်ကြွကြွ ဆောင်ရွက်ကြခြင်းကို ဆိုလိုပါတယ်။ မြို့ကြီးများမှာရှိတဲ့ ကျောင်းဆရာ၊ ဆရာမများအနေနဲ့ သောက်သုံးရေအတွက် အဆင်ပြေသလို သုံးစွဲနိုင်သော်လည်းပဲ ကျေးရွာမှာ တာဝန်ကျတဲ့ ဆရာမကြီးဆီက ဆရာမများအနေနဲ့ အထွေထွေလုပ်သားရယ်၊ ကျောင်းသူ/ကျောင်းသား များရဲ့ သယ်ယူပံ့ပိုးမှုနဲ့သုံးစွဲနေရပါတယ်။ ဥပမာတစ်ခုအနေနဲ့ တင်ပြရပါလျှင် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများသို့ ရေလောင်းအိမ်သာနှစ်ခန်းတွဲ၊ လေးခန်းတွဲစသည်ဖြင့် ချထားပေးလျက် ရှိပါတယ်။ ရေမရှိတဲ့၊ ရေရှားပါးတဲ့အရပ်မှာရှိတဲ့ ကျောင်းတွေရဲ့ ရေလောင်းအိမ်သာတွေဟာ သော့ခတ်ထားပြီးတော့ ဆရာ၊ ဆရာမများကပဲ အသုံးပြုလို့ရပါတယ်။ ကျောင်းသား/ကျောင်းသူများမှာတော့ မူလလက်ဟောင်း တွင်းအိမ်သာတွေနဲ့ နှစ်ပါးသွားနေရပါတယ်။ ဒါကြောင့် ကျောင်းများကို ရေလောင်းအိမ်သာများ ချထားပေးမယ်ဆိုလို့ရှိရင် အုတ်ရေကန်၊ ရေသိုလှောင်ဖို့အတွက် အုတ်ရေကန်တွေ အတွက် ငွေပါ ပူးတွဲချထားပေးဖို့၊ နောက်ပြီးတော့ ရေရရှိရေးအစီအမံတွေကို ရယူပြီးတွက်ချက် တင်ပြမှုမှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးဖို့ အကြံပြုအပ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်နားချိန် နယ်မြေခရီးထွက်ခွာတဲ့အချိန်မှာ ကျေးရွာအများစုမှာရှိတဲ့ ကျောင်းများမှာ သော့ခတ်ထားတဲ့အိမ်သာအတွဲတွေကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ ကျောင်းဆရာ၊ ဆရာမကြီးများရဲ့ ပြောကြားချက်အရ ရေအခက်အခဲကြောင့် သော့ခတ်ပြီးတော့ ထားရကြောင်း၊ နောင်အိမ်သာနဲ့တွဲလျက် ရေတွင်း၊ ရေကန်များပါ အသုံးစရိတ်ချထားပေးသင့်ကြောင်း ထပ်ဆင့်အကြံပြု တင်ပြအပ်ပါတယ်။ သောက်ရေကိစ္စကို ဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့မြို့ပေါ် အခြေခံပညာရေးကျောင်းများအနေနဲ့ မိမိတို့ရဲ့ ကျောင်းရန်ပုံငွေကို အသုံးပြုပြီးတော့ ရေသန့်ဘူးကြီးများ ဝယ်ယူသောက်သုံးနိုင်သော်လည်းပဲ နယ်ကျောင်းများမှာကျတော့ ရေသန့်ဘူးနဲ့အလွန်အလှမ်း ကွာဝေးလှပါတယ်။ ဒါကြောင့် ရွာအတွင်းမှာရှိနေတဲ့ ရေတွင်း၊ ရေကန်များ၊ နီးစပ်ရာဘုန်းတော်ကြီး ကျောင်းမှ အများသုံး ရေတွင်းများမှ ရေများကို ကျောင်းသို့ သယ်ပြီးတော့ ရေစစ်နဲ့စစ်ကာ သောက်သုံးနေရပါတယ်။ ဒီနေရာမှာ ဥပမာအားဖြင့် ကျွန်တော် အထက်တန်းကျောင်းသားဘဝ ၁၉၇၀ ခုနှစ်ခန့်က မြိတ်မြို့ အ.ထ.က(၃)ကျောင်းမှာ ကျောင်းတက်တဲ့အချိန်မှာ ကျောင်းအုပ်ကြီးနဲ့ မိဘဆရာအသင်းတွေရဲ့ အစီအမံနဲ့ နေ့စဉ်ရေနွေးကြမ်းသောက်သုံးခဲ့ရတဲ့ သာဓကရှိပါတယ်။

ဒါကြောင့် ရေသန့်ဘူး အလွယ်တကူမရရှိတဲ့ဒေသများမှာ ဖြစ်စေ၊ မြို့ပေါ်ကျောင်းများမှာ ဖြစ်စေ ရေကိုကျိုချက်ပြီးတော့ လက်ဖက်ခြောက်ခတ်ကာ ရေနွေးကြမ်းသောက်တဲ့ဓလေ့တစ်ခု ပြန်လည်ပေါ်ထွန်းလာမယ် ဆိုပါလျှင် ကျောင်းဆရာ၊ ဆရာများနဲ့ ကျောင်းသား/ကျောင်းသူများအနေနဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရတဲ့အပြင်မှာ လက်ဖက်ခြောက်ရဲ့ ကျန်းမာရေးကောင်းမွန်စေတဲ့ အကျိုးကျေးဇူးကိုပါ ကျွဲကူးရေပါသလို ရရှိနိုင်မှာဖြစ်တာကြောင့် နောင် အခြေအနေပေးလာတဲ့အချိန်မှာ အခြေခံပညာကျောင်းများတွင် ရေနွေးကြမ်း တိုက်ကျွေးတဲ့စနစ်တစ်ခု ဖြစ်ပေါ်လာစေရေး ပညာရေးဝန်ကြီးဌာနမှ တီထွင်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြခြင်းနဲ့အတူ ဒေါက်တာခင်မောင်လေး ရဲ့အဆိုအားလေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ရဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေ နှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ် ဆောင်ရွက်ပေးရန် အဆိုတင်သွင်းခြင်းအပေါ် ထောက်ခံဆွေးနွေး အကြံပေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး က အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ် ဆောင်ရွက်ပေးရန်အဆိုကို အလေးအနက် တင်သွင်းသွားခဲ့တဲ့အတွက် ချီးကျူးမိပါကြောင်းနှင့် မိမိအနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်မဆုံးရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဒေါက်တာခင်မောင်လေး က သူ့ရဲ့အဆိုနိဒါန်းမှာပဲ နိုင်ငံတော်က ကျေးလက်ဖွံ့ဖြိုးရေးမူကြီး (၅)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိနေရာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းကို အဓိကထားအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ သောက်သုံးရေရရှိရေးနှင့် ယင်လုံအိမ်သာ သုံးစွဲရေး ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း၊ မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများ၊ လူငယ် လူရွယ်များအတွက် ကျန်းမာကြံ့ခိုင်ရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်လျက်ရှိကြောင်းတို့ကို အထူး အလေးအနက်ထား ဖော်ဆောင်ပေးရမည့် လုပ်ငန်းများအဖြစ် တင်ပြသွားခဲ့ပါတယ်။ ဆက်လက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အခြေခံပညာကျောင်းများမှာ ကျောင်း ကျန်းမာရေးလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ နှစ်စဉ် ဩဂုတ်လမှာလည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ဖော်ဆောင်နိုင်ရန် နိုင်ငံနှင့်အဝှမ်း လှုံ့ဆော်ကြိုးပမ်းလျက်ရှိပါကြောင်း စသည်၊ စသည်ဖြင့် အခြေခံပညာကျောင်းများရှိ ကလေးများရဲ့ ကျန်းမာကြံ့ခိုင်ရေး အလေးပေးဆောင်ရွက်ရန် လိုအပ်ချက်များကို အဆိုပြုဆွေးနွေး တင်ပြသွားသည်မှာ အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ပါ မှတ်သားဖွယ်ရာ အချက်အလက်အချို့ကို ဖော်ပြရင်းနဲ့ အခြေခံပညာကျောင်းတိုင်း သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးကို နိုင်ငံတော်မှ စီမံကိန်းချမှတ်ဆောင်ရွက်ပေးရန် အဆိုကို အထူး အလေးအနက်

ဖော်ညွှန်းထောက်ပြသွားကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဟာ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်တွင် ပါဝင်သည့် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ပြီးဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်စလုံး ကို ရှင်သန်ဖွံ့ဖြိုးရေး အလေးအနက်ထား ဖော်ဆောင်ပေးစေလိုသော စေတနာအရင်းခံ ရှိနေကြောင်း ပေါ်လွင်ထင်ရှားနေသော်လည်း အားလုံးတို့ကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်ခြင်း မရှိစေကာမူ အခြေခံပညာကျောင်းတိုင်းမှာ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး မဖြစ်မနေ ဖော်ဆောင်ပေးရန် အချိန်တန်ပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်သည့် အဆိုတစ်ရပ်ဖြစ်နေကြောင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချမှတ်ထားပြီးဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို လက်တွေ့ လုပ်ဆောင် အကောင်အထည်ဖော်ပေးနိုင်မည်ဆိုပါက အလွန်စိတ်ဝင်စားဖွယ်ရာကောင်းပြီး ကျောင်းသား/ ကျောင်းသူများအား ထိရောက်သည့် အကျိုးသက်ရောက်မှုများ အမှန်တကယ် ပေးနိုင်စွမ်းရှိသည်ဖြစ်၍ မိမိတို့အားလုံး ဝိုင်းဝန်းလုပ်ဆောင် အကောင်အထည်ဖော်ပေးကြရမှာ ဖြစ်ပါတယ်။ မိမိအနေဖြင့် (၄၅)နှစ်နှင့် (၃)လကြာမျှ အခြေခံပညာခရီးရှည်မှာ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ် ပညာရေးမှူးနဲ့ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီဝင်အဖြစ်နဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် စိတ်ဝင်တစား ပါဝင်လုပ်ဆောင်အကောင်အထည်ဖော်ပေးခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျောင်း ကျန်းမာရေးဆု ရရှိရန်အတွက် လုပ်ကြံဖန်တီးနည်းမျိုးစုံနဲ့ ဆုရရှိသွားတတ်ကြတဲ့ ကျောင်းများရှိသလို ဆုရရှိဖို့မမျှော်၊ လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို အလေးအနက် ဖော်ဆောင်ရှင်သန်ဖွံ့ဖြိုးရန် ပုံမှန်ကြိုးစားကြတဲ့ ကျောင်းများကိုလည်း မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ မိဘ၊ ဆရာနဲ့ကျောင်းသားများနဲ့ တာဝန်ရှိသူများက စိတ်ဝင်တစားအားပေးခဲ့ကြပြီး ကျောင်းကျန်းမာရေးကဏ္ဍနဲ့ အခြေခံပညာမှာ နိုးကြားတဲ့ကာလတစ်ခုကို ဖြတ်သန်းနိုင်ခဲ့ပါတယ်။

သို့ပေမဲ့ ကာလရှည်ကြာစွာထိန်းသိမ်းထားနိုင်တော့တာ မဟုတ်ဘဲနှင့် တဖြည်းဖြည်းနဲ့လျော့ရဲ လာပြီး ကျောင်းတိုင်းမှာရှိနေရမှာဖြစ်တဲ့ ကျောင်းကျန်းမာရေးလက်စွဲ အညွှန်းစာအုပ်မှာ ယခုအခါမှာ ကျောင်းများမှာ မေးမရ၊ ရှာမရ ပျောက်ကွယ်စပြုနေခြင်းကပင် ကျောင်းကျန်းမာရေးရှင်သန်နိုင်မှု အခန်း ကဏ္ဍကို ခန့်မှန်းနိုင်ကြပြီ ဖြစ်ပါတယ်။ ဤသို့ အချိန်အခါမျိုးမှာ ဒေါက်တာခင်မောင်လေး ရဲ့ အဆိုဟာ ကျောင်း ကျန်းမာရေးတစ်ကျော့ပြန် ပြန်လည်ရှင်သန်နိုးထလာစေပြီး အချက်ပေး ခေါင်းလောင်းသံတစ်ခု အဖြစ် မျှော်လင့်မိပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရှင်းလင်းတင်ပြချက်တွင် ပါဝင်ပြီးသည့်အတိုင်း ကျောင်း ကျန်းမာရေးလုပ်ငန်းကြီးစဉ်(၅)ရပ်မှာ ကျောင်းနဲ့ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်း ကျန်းမာရေးစစ်ဆေးရေးနှင့်ကုသရေးလုပ်ငန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနဲ့ ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ် ကင်းဝေးရေး လုပ်ငန်းစဉ်ကြီးများ ပါဝင်ပြီးဖြစ်တဲ့အတွက်ကြောင့် အခြေခံပညာကျောင်းများမှာ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဆိုပါလျှင် ကျောင်းသား/ကျောင်းသူ၊ လူငယ်လူရွယ်များ အတွက် ကြီးစွာသောအကျိုးသက်ရောက်မှုများကို ခံစားမြင်တွေ့ကြမှာဖြစ်ပါတယ်။ ယခုအခါ အခြေခံ ပညာကျောင်းဦးရေ၊ ကျောင်းသားဦးရေတို့ တစ်နေ့တစ်ခြား တိုးတက်များပြားလာနေပြီ ဖြစ်တဲ့အတွက်

ကြောင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာမရရှိခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ လုံလောက်စွာ ဖြည့်ဆည်းမပေးနိုင်ခြင်းတို့နဲ့ အမှိုက်သရိုက်များကို စနစ်တကျသိမ်းဆည်းစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ထိထိရောက်ရောက်မပေးနိုင်မှုများက ကလေးတွေရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို စိုးရိမ်ပူပန်စရာတွေ ဖြစ်နေသည်ကို ကျွန်တော်တို့ အားလုံး သတိပြုကြရမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ကလေးတွေရဲ့ ကျန်းမာရေးကို စစ်ဆေးပြီး ဆေးကုသပေးနိုင်ရန် ကျောင်းကျန်းမာရေးကော်မတီက မည်ရွေ့မည်မျှ ဆောင်ရွက်ပေးနိုင်ခဲ့ပါသလဲ။ ရောဂါရှာဖွေရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး အသိပေးပညာရေးလုပ်ငန်းများနဲ့ ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အစားအစာအန္တရာယ်ကင်းဝေးရေးလုပ်ငန်း စသည်၊ စသည်တို့ကို မည်ရွေ့မည်မျှ လုပ်ဆောင်ပေးနိုင်ခဲ့ပါသလဲ။ အခြေခံပညာကျောင်းများတွင် စုစည်းရောက်ရှိနေကြတဲ့ ကျောင်းသား/ကျောင်းသူ၊ လူငယ်လူရွယ်များအပေါ် သက်ရောက်လာမည့်အန္တရာယ် စိန်ခေါ်မှုများကို ကြိုတင်ကာကွယ်ရန် အပြောမဟုတ် အလုပ်ဖြင့်လက်တွေ့ဖြင့်ပြကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းလုပ်ဆောင် အကောင်အထည်ဖော်ရန် အချိန်တန်ပြီ ဖြစ်တဲ့အတွက် ရေရှည်တည်တံ့နိုင်မည့်စီမံကိန်း၊ စီမံချက်များ ချမှတ်နိုင်ခြင်းမရှိဘဲ ကောက်ရိုးမီးစီမံကိန်း၊ ကောက်ရိုးမီးစီမံချက်၊ ကောက်ရိုးမီး ခံယူချက်များဖြင့် ကလေးတွေရဲ့ဘဝကို မနစ်မွန်းရလေအောင် တာဝန်ရှိသူအဆင့်ဆင့်တို့က အထူးအလေးအနက်ထား ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း အကြံပြုရင်းနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား ဒေါက်တာခင်မောင်လေး ရဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသောသောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးပါရန် အဆိုကို လေးလေးနက်နက် ထောက်ခံအကြံပေးတင်ပြအပ်ပါသည်။ ကျေးဇူးများစွာတင်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ အားလုံးပဲ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံပြီးတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး၊ အေးချမ်းကြပါစေလို့ ကျွန်မက မေတ္တာပို့ပြီးတဲ့အခါ ကျတော့မှ ဂါရဝလည်းပြုအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် (၁)က ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ရဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ လောကကြီးမှာ အမြဲတမ်းပဲ ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အဲဒီအပြောင်းအလဲက ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း အမြဲတမ်းအခြေအနေ အရပ်ရပ်ဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အဲဒီ အပြောင်းအလဲကို

ကျွန်မတို့က မည်သည့်နည်းနဲ့မဆို လက်ခံနိုင်ရမှာ ဖြစ်ပါတယ်။ အပြောင်းအလဲကို လက်ခံပြီးတဲ့အခါကျ လို့ရှိရင် အဲဒီလက်ခံနိုင်တဲ့ အပြောင်းအလဲအပေါ်မှာလည်း စီမံခန့်ခွဲနိုင်ဖို့၊ အကျိုးရှိမယ့်အရာတွေကို ရှာဖွေဖော်ထုတ်ပြီးတဲ့အခါကျတော့မှ ဒါတွေကို လုံခြုံစိတ်ချရတဲ့ ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အစီအမံတွေ လုပ်ပေးဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ အဲဒီအပြောင်းအလဲအပေါ်မှာ အားနည်းချက်တွေ၊ အားသာ ချက်တွေကို၊ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီးတဲ့အခါကျတော့ စီမံခန့်ခွဲတဲ့အခါမှာ ကျွန်မတို့ သဘာဝအရင်းအမြစ်တွေကို ပိုင်ဆိုင်ထားတဲ့ အစိုးရတွေဟာဆိုလို့ရှိရင် အဲဒီပိုင်ဆိုင်ထားတဲ့ သဘာဝ အရင်းအမြစ်တွေကို စီမံခန့်ခွဲတဲ့အခါမှာ လူမှုရေး၊ စီးပွားရေး အကျိုးဖြစ်စေမယ့် စီမံခန့်ခွဲမှုတွေနဲ့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် အားလုံးအခြေအနေအရပ်ရပ်ဟာ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်မှာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့က ဒီ ဦးခင်မောင်လေး တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့က လေ့လာတဲ့အခါမှာ၊ အပြောင်းအလဲတွေမှာ ကမ္ဘာမှာရော၊ မြန်မာမှာပါ လူဦးရေဖွံ့ဖြိုးတိုးတက်လာတာကို ကျွန်မတို့ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို လူဦးရေဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှလည်း ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲလာတာတွေကိုလည်း ကျွန်မတို့ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ လူဦးရေ တိုးတက် လာတာရယ်၊ ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲလာတာရယ် အဲဒီအပေါ်မှာ ဖြစ်လာတဲ့ အကျိုးဆက် တွေကိုလည်း၊ ရလဒ်တွေကိုလည်း ကျွန်မတို့ကတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုး တိုးတက်မှုကို ရှေးရှုပြီးတော့ ဦးတည်ပြီးတော့သွားနေတဲ့ ဒီမိုကရေစီနိုင်ငံအသစ်ဖြစ်တာနဲ့အညီ ကျွန်မတို့ ပိုင်ဆိုင်တဲ့ သဘာဝသယံဇာတတွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ကျွန်မတို့က အသုံးပြုပြီးတဲ့အခါ ကျတော့မှ နောင်အနာဂတ်အတွက် လှပတဲ့ နိုင်ငံတော်တစ်ခု၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် ရလဒ်တွေ ရရှိနိုင်ဖို့၊ ပိုင်ဆိုင်နိုင်ဖို့ ကျွန်မတို့က ကြိုးစားဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအခါ ကျတော့ ကျွန်မတို့နဲ့အတူပဲ အခု ပွင့်လင်းလာတဲ့ နည်းပညာတွေ အင်မတန် ဖွံ့ထွားလာတဲ့ကမ္ဘာကြီးမှာ ကျွန်မတို့ ထောင်စုနှစ်နဲ့ ပတ်သက်တဲ့ ရည်မှန်းချက်များမှာ အင်မတန်အရေးကြီးတဲ့ နံပါတ်(၁)က ဘာပါသလဲဆိုလို့ရှိရင် အခု လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လိုအပ်နေတဲ့ အစာ ရေစာတွေ၊ ရိက္ခာတွေရှားပါးလာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စားနပ်ရိက္ခာဖူလုံရေး ဆိုတဲ့ဟာကို ကျွန်မတို့ ထောင်စုနှစ်မှာ ထည့်ထားပါတယ်။ အဲဒီ့ကျတော့ ကျွန်မတို့နိုင်ငံမှာလည်း အခု ကျွန်မတို့ရဲ့ အနာဂတ်ရဲ့ ဗိသုကာတွေဖြစ်တဲ့ လူငယ်တွေကို ကျွန်မတို့က ပြုစုပျိုးထောင်တဲ့အခါမှာ သူတို့နဲ့ ပတ်သက် တဲ့ လိုအပ်တာတွေကို ကျွန်မတို့က လိုအပ်ရင်လိုအပ်သလို ပြောင်းလဲလာတဲ့ အခြေအနေ အပေါ်မှာ ကြည့်ပြီးတဲ့အခါကျတော့ စီမံကိန်းတွေ၊ စီမံချက်တွေ၊ မူဝါဒတွေချမှတ်ပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ လူရော၊ တိရိစ္ဆာန်ရော၊ ပိုးမွှားရော၊ သစ်ပင်တွေ ရောပေါ့။ ရေဓာတ်ဟာ (၆၀)ရာခိုင်နှုန်းကနေပြီးတော့(၉၅)ရာခိုင်နှုန်းလောက်အထိ ပါတယ်လို့ ကျွန်မတို့ လေ့လာတွေ့ရှိခဲ့ရဖူးပါတယ်။ မှတ်သားခဲ့ရဖူးပါတယ်။ အဲဒီတော့ ကလေးတစ်ယောက်ဟာ ပညာသင် ကြားတဲ့အခါမှာ သူ့ရဲ့ မှတ်နိုင်တဲ့ မှတ်ဉာဏ်စွမ်းအားကောင်းဖို့အတွက်က ကျန်းမာရေးကောင်းဖို့ လိုအပ် ပါတယ်။ အဲဒီကျန်းမာရေးကောင်းဖို့အတွက်ကတော့ အာဟာရနဲ့ ပြည့်ဝဖို့လိုအပ်ပါတယ်။ အာဟာရနဲ့ ပြည့်ဝဖို့အတွက်ကတော့ အစောကပြောတဲ့ ရေကောင်းရေသန့် ရရှိဖို့လိုအပ်ပါတယ်။ အဲဒီတော့ ကျွန်မ တို့က တကယ်ပဲ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအရင်းအမြစ်တွေ အတွက်ရော၊ လူ့စွမ်းအား အရင်းအမြစ်တွေအတွက်ရော ကျွန်မတို့က စဉ်းစားတယ်ဆိုလို့ရှိရင် ကျွန်မတို့ ဒီ အင်မတန်အရေးကြီးတဲ့

ဒီ အခြေခံကျောင်းတွေရဲ့၊ အခြေခံကျောင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်မတို့က မလွဲမသွေ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့ စကားတစ်ခု ရှိပါတယ်။ စကားပုံတစ်ခု ကြားဖူးပါတယ်။ ဖောင်စီးရင်း ရေငတ်ဆိုတာ။ အဲဒီတော့ ဖောင်စီးရင်း ရေငတ်တာဆိုတာ ဖောင်စီးတယ်ဆိုတာ ကျွန်မတို့ ရေထဲမှာ စီးတာပဲ သို့သော် ရေထဲမှာ နေရင်းနဲ့ ရေငတ်တယ်ဆိုတာ အဲဒါ သောက်တဲ့ရေသန့် သို့မဟုတ် ရေချိုမရှိတဲ့အတွက်ကြောင့်မို့လို့ ရေငန်တွေထဲမှာ နေပြီးတော့မှ ရေငတ်တယ် ဆိုတဲ့ဟာကို ပြတာပါ။ ပြောတဲ့ သဘောပါ။ အဲဒီတော့ ကျွန်မတို့ ဒီမှာကြည့်လိုက်တယ်ဆိုလို့ရှိရင် ရေငန်က ကမ္ဘာကြီးမှာ (၉၇.၂)ရာခိုင်နှုန်း ရှိပြီးတော့ ရေချိုက (၂.၈)ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ အခြေအနေအရပ်ရပ်ကို လေ့လာပြီးတဲ့အခါကျတော့ အရင်တုန်းက ကျွန်မတို့ရဲ့ ရန်ကုန်မှာဆိုလို့ရှိရင် သူက လူဦးရေ ထူထပ်တဲ့ (၁)စတုရန်းကီလိုမီတာမှာ (၆၈၂၈)ပဲ ရှိတယ်။ လူဦးရေသိပ်သည်းမှုက၊ အခုဆိုလို့ရှိရင် ဒါက ၂၀၁၀ တုန်းက လေ့လာပြီး မှတ်တမ်းတင်ထားတဲ့ဟာ ဖြစ်တော့ကာ အခု ၂၀၁၄ ဆိုလို့ရှိရင် ဒီထက် အများကြီး ကွာခြားသွားပြီ။ ထို့အတူပဲ ရေသုံးစွဲတာတွေလည်း ပိုပြီးတော့များလာတယ်။ လူတွေလည်း များလာတယ်။ သို့သော် ရေကလည်း ရာသီဥတုဖောက်ပြန်လို့ ရေချိုကလည်း ပိုပြီးတော့ ရှားပါးသွားတယ်ဆိုတဲ့အခါမှာ သုံးစွဲမယ့်လူက ပိုပြီးတော့များလာပြီးတော့ ရနေတဲ့ပစ္စည်းက လိုအပ်နေတဲ့ဟာက ပမာဏကပိုပြီး နည်းသွားတယ်ဆိုလို့ရှိရင် ကျွန်မတို့က ဒီအတွက်ဘာတွေ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာတွေ နိုင်ငံတော်မှာ တာဝန်ရှိလာပါတယ်။ တာဝန်ရှိလာတာနဲ့အမျှလည်း ဆောင်ရွက်နေကြတယ်ဆိုတာကလည်း ကျွန်မတို့က လေ့လာပြီးတော့ သိရှိပါတယ်။

သို့သော်လည်း ဒေါက်တာဦးခင်မောင်လေး တင်သလိုပဲ ကျွန်မတို့ လူ့စွမ်းအားအရင်းအမြစ်မှာ အဓိကျတဲ့ လူငယ်တွေကို ဉာဏ်ရည်၊ ဉာဏ်သွေးတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ ဘယ်လောက်၊ ဗလ(၅)တန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကတော့ အင်မတန်အရေးကြီးတဲ့ ရေကို ကျွန်မတို့က အစောကပြောသလိုပဲ အပြောင်းအလဲကို စီမံခန့်ခွဲတဲ့အနေနဲ့ ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အခြေအနေတွေ ပေါ်မှာ အလေးအနက်ထားပြီးတော့မှ ကျွန်မတို့ ဒီစီမံကိန်း၊ စီမံချက်တွေချပြီးတော့၊ မူဝါဒတွေချပြီးတော့ ကျွန်မတို့က ဆောင်ရွက်သင့်ပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ မူဝါဒတွေ ဘယ်လောက်ပဲချချ၊ လိုက်နာတာမရှိဘူးဆိုလို့ရှိရင်လည်း လက်တွေ့အကောင်အထည်ဖော်တဲ့ နေရာမှာတော့ အတော်လေး ဒါက ထင်သလောက်ခရီးပေါက်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဘာပဲဖြစ်နေနေ ကျွန်မတို့က တကယ်အရေးကြီးတဲ့ မူဝါဒ၊ သဘောထားနဲ့ စီမံကိန်းတွေကိုတော့ အရင်ချပြီးတဲ့အခါကျတော့မှ လက်တွေ့အကောင်အထည်ဖော်ဖို့နဲ့ လိုအပ်တဲ့လူတွေက ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပေးထားတဲ့၊ ပြဋ္ဌာန်းချက်တွေနဲ့အညီ အသိစိတ်ဓာတ်အပြည့်နဲ့ ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် တော်တော်လေး ကျွန်မတို့ နိုင်ငံအတွက်ကတော့ တော်တော်လေးထက် အများကြီးပေါ့နော်၊ အများကြီး အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၈ မှာတော့ ကျွန်မတို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးဖြစ်ဖို့အတွက် နိုင်ငံသားအားလုံးမှာ တာဝန်ရှိတာ ဖြစ်သလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၀၊ (ခ)နဲ့(ဂ) မှာကျတော့ ကျွန်မတို့ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုမြင့်မားအောင် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ကို နိုင်ငံသားတွေက ဒါကူညီဖို့ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီတော့ ကျွန်မတို့ အခုဆွေးနွေးတာကလည်း ဒီ ကျွန်မတို့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အတွက် ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါတဲ့အတိုင်း၊ ပြဋ္ဌာန်းထားတဲ့အတိုင်း ကျွန်မတို့က တာဝန်ကျေပြွန်စွာနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပီသစွာ ကျွန်မတို့ ပြည်သူလူထုအများအတွက် လိုအပ်တာတွေကို လိုအပ်သလို ကျွန်မတို့က တင်ပြဆွေးနွေးပြီးတော့ ထောက်ခံတာဖြစ်ပါတယ်။ အဲဒီတော့ အစောက ကျွန်မအစီရင်ခံခဲ့သလိုပဲ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်လာမယ့် နိုင်ငံကြီးမှာ ကမ္ဘာက လည်း ဒါကို ရည်မှန်းချက်အနေနဲ့ ရှိတယ်။ ကျွန်မတို့ အာဆီယံမှာလည်းရှိတယ်။ မြန်မာမှာလည်း ရှိတယ်။ အဲဒီကျတော့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြုံငုံပြီးတော့၊ အများကြီးခြုံပြီးတော့ တကယ်တော့ ကျောင်းသားတွေအတွက်ကတော့ အဓိက၊ သို့သော်လည်း အကုန်လုံးခြုံလိုက်မယ် ဆိုရင်တော့ ဒါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူက အတော်လေးအထောက်အကူ ဖြစ်တယ်လို့ ကျွန်မကတော့ အဲဒီလိုပဲ ယုံကြည်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီကလေးတွေ ဗလ(၅)တန်နဲ့ ပြည့်စုံရေး၊ နောက်တစ်ခါ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မြင့်မားရေး၊ နောက်တစ်ခါ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ရဲ့ ဗိသုကာတွေကို ကျွန်မတို့ ပြုစုပျိုးထောင်ပေးတဲ့အနေနဲ့ ဒီ ဦးခင်မောင်လေး၊ ပဲခူး(၈)က တင်သွင်းတဲ့ အခြေခံပညာကျောင်းအားလုံးမှာ ကျောင်းကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ကျွန်မ ထောက်ခံအပ် ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်လူကြီး မင်းများ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဆရာကြီး ဒေါက်တာခင်မောင်လေး တင်သွင်းသွားတဲ့ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို အပေါ်မှာ ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပညာရှင်တစ်ဦး မဟုတ်သော် လည်းပဲ အဆိုရှင် ဆရာကြီးနဲ့ ရင်းနှီးကျွမ်းဝင်တဲ့သူဖြစ်သည့်အတွက် ဆရာကြီးရဲ့ ကျန်းမာရေးဝန်ထမ်း ဘဝ တာဝန်ယူခဲ့ရတဲ့ အချိန်များစွာ ဆောင်ရွက်ခဲ့ရတဲ့လုပ်ငန်းများကို ကြားသိခွင့်ရခဲ့ရတဲ့ ကျွန်တော် သာမန် ကျောင်းသားမိဘတစ်ဦးသာ ဖြစ်ပါတယ်။ ကျွန်တော် သိရသလောက် အဆိုရှင်ဆရာကြီးဟာ

ကျန်းမာရေးဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်စဉ်မှာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဦးဆောင်မှုပြု ခဲ့တဲ့ အတွေ့အကြုံတွေရယ်၊ အခု ကျန်းမာရေးဝန်ထမ်းဘဝကနေပြီးတော့ အနားယူပြီး လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့အချိန်တွေမှာ အဲဒီကျောင်းကျန်းမာရေးကိစ္စတွေ ဂရုတစိုက် စိတ်ပါဝင်စားစွာ ဒီနေ့အထိ ဆောင်ရွက်နေတဲ့ အခြေအနေတွေ ရှိနေတဲ့အတွက်လည်းကောင်း၊ လက်တွေ့နယ်ပယ်မှာ လည်းပဲ ကျွန်တော်တို့ ဆရာကြီး တင်သွင်းသွားခဲ့တဲ့ အဆိုဟာ အမှန်တကယ် လိုအပ်နေတဲ့ အခြေ အနေများ ဖြစ်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြချင်တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ ပါတဲ့အတိုင်း အဆိုရှင်ကတော့ ကျွန်တော်တို့ ပြည်ခရိုင်အတွင်းက ကျောင်းတွေနဲ့ ပတ်သက်ပြီးတော့ ရရှိလာတဲ့ အချက်အလက်အပေါ်မှာ အခြေခံပြီး တစ်နိုင်ငံလုံးမှာ ရှိနေတဲ့ အခြေခံပညာကျောင်းများအားလုံး ပါဝင်နိုင်ရေးအတွက်ကို ဦးတည်ပြီးတော့ တင်သွင်းသွားတာ ဖြစ်ပါတယ်။ အလွန်လည်း ကောင်းမွန်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အဆိုရဲ့ အပိုင်းများကို အဓိကထားပြီးတော့ ဆွေးနွေးရမယ်ဆိုရင် အဓိကကတော့ ကျောင်းကျန်းမာရေးကိစ္စပါပဲ။ ဒီကိစ္စလည်း အထက်မှာ ကိုယ်စားလှယ်ကြီးများ ရှင်းလင်းတင်ပြသွားသလို တစ်ခါတစ်ရံကျတော့ မေ့လျော့တာတော့ မဟုတ်ဘူး ဆိုသော်လည်း ဒါလေးတွေဟာ ခေတ်ကာလအခြေအနေနဲ့ နည်းနည်းလေးများ ကျန်နေသေး သလားလို့ ဒါ ကျွန်တော်တို့ သိရှိရတဲ့ အခြေအနေလေးတွေပါ။

ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၅)ရပ်ထဲက ဆရာကြီး တင်ပြသွားတဲ့ ကျောင်းနဲ့ ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းတွေကို အဓိကထားပြီး ပြောရပါမယ်ဆိုရင် ကျွန်တော်တို့ ဒီနေ့ ပြည်ထောင်စုအစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အများကြီး လုပ်ခဲ့ပါတယ်။ အဲဒီအထဲက ကျွန်တော်တို့ ပညာရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းစဉ်တွေဟာ အပါအဝင်ပဲ ဖြစ်ပါတယ်။ အဓိကကျတဲ့ မူဝါဒလုပ်ငန်းစဉ်ကြီးတွေကို ပြောင်းလဲခဲ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဒီနေ့ အမျိုးသားပညာရေးဥပဒေဆိုတဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေကိုလည်းပဲ ပြောင်းလဲပြင်ဆင် တာတွေ ရှိပါတယ်။ နောက် အလားတူပဲ ကျောင်းအဆောက်အဦအသစ်တွေ၊ နောက် ဒီကျောင်းသူ/ ကျောင်းသားတွေ အသုံးပြုနိုင်ဖို့အတွက် အဆောက်အဦတွေ၊ နောက်တစ်ခုက သင်ကြားရေးအတွက် ဆရာ၊ ဆရာမတွေ ထပ်မံတိုးချဲ့ခန့်ထားတာတွေ အများကြီးလုပ်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဟာ မူလတန်းကျောင်းသားတစ်ဦးရဲ့ မိဘတစ်ယောက်အနေနဲ့ ဆွေးနွေးရလျှင် အားလုံးပြုပြင်ပြောင်းလဲမှုတွေ အတွက် ကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ ဒီမှာ တင်ပြခဲ့တဲ့ ကျွန်တော်တို့ အခြေအနေလေးတွေကို အချိန်ယူပြီးတော့ ဆက်ပြီးတော့ ဆောင်ရွက်စရာ ရှိနေပါသေးတယ် ဆိုတဲ့အကြောင်းကို ကျွန်တော် တင်ပြ ချင်ပါတယ်။

အဓိကအချက်ကတော့ ကျွန်တော်တို့ အဆိုမှာပါတဲ့အတိုင်း သင်ကြားရေးနဲ့ အခြားပြုပြင် ပြောင်းလဲရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ကျောင်းကျန်းမာရေးလုပ်ငန်းလေးကိုလည်းပဲ တစ်ပါတည်း ပါစေချင်တဲ့ဆန္ဒနဲ့ ကျွန်တော် ထည့်သွင်းဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဆရာကြီး တင်ပြ သွားတဲ့ အချက်အလက်တွေထဲက အဓိကကျတဲ့ သောက်ရေနဲ့ သုံးရေ အလုံအလောက် ရရှိရေးကိစ္စပါ။ အထက်မှာ ဆရာဦးတင်ရှန် လည်း ဆွေးနွေးပြီးပါပြီ။ မြို့ပြနဲ့နီးစပ်တဲ့ကျောင်းတွေမှာတော့ ကျွန်တော်တို့ သောက်ရေကို ဖြေရှင်းရာမှာ တင်ပြသွားသလိုပါပဲ။ ကျွန်တော်တို့ ရေသန့်ဘူးကြီးတွေ ဝယ်ယူပြီးတော့ ဖြည့်တင်းရပါတယ်။ ဒါတောင်မှပဲ ကျွန်တော်တို့ နေထိုင်ရာကျောင်းတွေဆိုရင် ငွေစုရတဲ့ကိစ္စ၊ အလှူရှင်

ရှာရတဲ့ကိစ္စ။ နောက် အဲဒီဘူးတွေ အပြန်အလှန်လဲဖို့ ကုမ္ပဏီရှာရတဲ့ကိစ္စ ဒါတွေလည်း ကျွန်တော်တို့ ရှိပါတယ်။ အလားတူပဲ အလှည့်ကျအသင်းက တာဝန်ယူပြီးတော့ ကျောင်းမှာ ရှိတဲ့ရေလေးတွေ၊ အထက်မှာ ပြောသလို ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ သွားပြီးတော့၊ ခပ်ပြီးတော့ အလှည့်ကျလုပ်ရတဲ့ အခြေအနေ လေးတွေ ရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားများဟာ ကိုယ့်အစီအစဉ်နဲ့ ကိုယ့်အိမ်က ရေဘူးလေးတွေ ယူလာတဲ့ အစဉ်အလာပဲ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပျမ်းမျှ အားဖြင့်တော့ မြို့ပြအခြေအနေနဲ့ ပတ်သက်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာတော့ ကျောင်းမှာ တော်တော်များများကတော့ အဝီစိတွင်း မရှိတာများပါတယ်။ ကျွန်တော်လည်း အခု စာရင်းလေးတွေ ကောက်ထားတဲ့ အခြေအနေပေါ်မှာ၊ ဒါကြောင့်မို့လို့ တင်ပြချင်တာက ဒီအခြေအနေ လေးအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဒီသန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့ ရေတွင်းသော်လည်းကောင်း၊ ရေလှောင်ကန်သော်လည်းကောင်း ဒါတွေ ဆက်လက်ဆောင်ရွက်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ ကျောင်းသားလူငယ်များရဲ့ နေ့စဉ် သောက်ရေ၊ သုံးရေဖြေရှင်းမှုဟာ ကျောင်းကျန်းမာရေးလုပ်ငန်းအတွက် ကြီးမားတဲ့ စိန်ခေါ်မှုကြီးဖြစ်တယ်လို့ ကျွန်တော်တော့ တင်စားပြောချင်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ကျောင်းတွေ ရောက်တဲ့အခါမှာ လေ့လာဖြစ်ပါတယ်။ ကလေးများရဲ့ ခြေသည်း၊ လက်သည်း၊ နောက် သွားရောဂါအခြေအနေတွေ အခြားဆက်စပ်တဲ့ ရောဂါ အခြေအနေတွေကိုလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ အလားတူပဲ ခြင်၊ ယင်နဲ့ ကြွက်၊ ပိုးမွှား အန္တရာယ်တွေရှိတဲ့ အခြေအနေတွေကိုလည်း တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ယခု ဆောင်ရွက်နေတဲ့ အစီအစဉ်ထက် ပိုမိုပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ သန့်ရှင်းတဲ့ သောက်သုံးရေ အတွက်လည်း အဆိုမှာပါတဲ့အတိုင်း အားလုံးတစ်ပြိုင်နက်တည်း လုပ်နိုင်ချင်မှ လုပ်နိုင်မှာပါ။ သို့သော် လည်းပဲ ကျွန်တော်တို့က မူလေးတစ်ခုတော့ ချပြီးတော့ နောက်အဆက်ဆက် ဒီလုပ်ငန်းလေးကို ဆက်ပြီးတော့ ဆောင်ရွက်ဖို့ တင်ပြလိုပါတယ်။ တစ်ခါ ကျွန်တော်တို့ ရေရတဲ့ ကျောင်းတွေ၊ ရေမရတဲ့ ကျောင်းတွေ ရှိပါတယ်။ ရေမရတဲ့ကျောင်းတွေက ကျွန်တော်တို့ အထက်မှာ တင်ပြသလို သုံးစွဲရတာ ခက်သလို၊ တချို့ ရပြီးသားကျောင်းတွေကျတော့လည်းပဲ နှစ်အနည်းငယ်အတွင်းမှာ ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေလေးတွေနဲ့ အများသုံးရတဲ့ အခြေအနေလေးတွေကြောင့် အချိန်မတန်ဘဲ ပျက်စီးဆုံးရှုံးမှုတွေ ရှိတယ်။ ဒါလေးတွေကို ဖြေရှင်းဖို့ရန်အတွက်ကလည်း နိုင်ငံတော်အစိုးရသော်လည်းကောင်း၊ နိုင်ငံတော် အစိုးရတင် မဟုတ်ဘဲနဲ့ ဒေသခံရပ်မိရပ်ဖ၊ မိဘပြည်သူတွေ၊ ဆရာတော်တွေ၊ သမားတော်တွေနဲ့ ပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အခြေအနေလေးတွေ ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပညာရေး ဝန်ထမ်းများရဲ့ ဆောင်ရွက်မှုတစ်ခုတည်းနဲ့ မလုံလောက်ပါဘူးလို့ ကျွန်တော်တော့ တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ အထက်မှာပါတဲ့အတိုင်း အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ တင်ပြ လိုပါတယ်။

နောက်ထပ် အရေးကြီးတဲ့ကိစ္စတစ်ခုကတော့ ကျောင်းတွေမှာ အသုံးပြုတဲ့ ရေအိမ်ကိစ္စပဲ ဖြစ်ပါတယ်။ ဒါလည်း အဆိုရှင် တင်ပြသွားပါတယ်။ ကျွန်တော်ဟာ ကျောင်းသားမိဘ မဖြစ်ခင်ကရော၊ ကျောင်းသားမိဘ ဖြစ်ပြီးရော ကျွန်တော်ကိုယ်တိုင် ကျွန်တော်နေထိုင်ရာ မူလတန်းကျောင်းလေးကို

အစ/အဆုံး အတတ်နိုင်ဆုံး ကူညီထောက်ပံ့လှူဒါန်းနိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဒီကျောင်းလေးနဲ့ ပတ်သက်ပြီးတော့ အဓိကကတော့ သင်ကြားရေးကတော့ ကောင်းပါတယ်။ အဆောက်အဦတွေလည်း လိုအပ်လို့ နိုင်ငံတော်ကို တင်ပြတောင်းခံတဲ့အခါ ရပါတယ်။ အလားတူပဲ ဒီနေ့ ခေတ်စနစ် အခြေအနေ အရ ရေလောင်းအိမ်သာတွေလည်း ချပေးပါတယ်။ ဒါပေမဲ့ အသုံးပြုရတဲ့ ဒီနေရာမှာလည်း အသုံးပြုရတဲ့ ကျောင်းသား/ကျောင်းသူများရဲ့ အမူအကျင့်ပေါ့။ ဒါကတော့ နေရာဒေသအသီးသီးက လာကြတဲ့ ဆိုလို တာကတော့ သာမန်ရေအိမ်နဲ့ ရေလောင်းရေအိမ်တို့ အသုံးပြုနိုင်ဖို့က ဒီခေတ်မှာ တော်တော်လေး ကလေးတွေရဲ့ လူနေမှုအဆင့်အတန်း အခြေအနေနဲ့ ကျွန်တော်တို့က ညီအောင်တော့ လုပ်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ သူ့မှာလည်းပဲ ဒီအခြေအနေတွေကို အသုံးပြုနိုင်ဖို့အတွက် စနစ်တကျနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမယ့် ဆရာ၊ ဆရာမတွေရဲ့ အခြားသော အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ရမယ့် အခြေအနေလေးတွေ ပေါ်ပေါက်ပါတယ်။ မနက်မိုးလင်းလို့ ကျွန်တော် ကျောင်းသွားရင် ကျောင်းသား/ကျောင်းသူတွေကတော့ စောစောရောက်ပါတယ်။ အပေ့ါ အလေး စွန့်ခြင်း ဆိုတာ ကျန်းမာရေးအခြေအနေအရ အချိန်အခါမရွေး ဖြစ်နိုင်တာဖြစ်သည့်အတွက် ကျောင်းရောက်လို့ ကျွန်တော်တို့ အိမ်သာတွေ လှပ်ကြည့်ရင် တချို့ဆရာမတွေ သော့ကိုင်ဆရာမ မရောက်သေးလို့ ပိတ်ထားတဲ့ အခြေအနေလေးတွေ တချို့ကျတော့ လမ်းဘေးမှာ ဖြစ်သလို သွားနေရတဲ့ အခြေအနေ ဒါတွေက ပြင်ဆင်ပြီးသားပါ။ ရေလည်း ရောက်ပြီးသားပါ။ ရေအိမ်ထဲထိ ရေသွယ်ပိုက်တွေပါ ထည့်ပြီးသားပါ။ သို့သော်လည်းပဲ ခုနပြောတဲ့အထဲမှာ ရှိနေတဲ့အခြေအနေလေးတွေက တစ်ခါတလေမှာ အခက်အခဲ လေးတွေ ရှိပါတယ်။ ဒါတွေကိုလည်း ကျောင်းကျန်းမာရေး အစီအစဥ်လေးထဲမှာ ပညာရေးဌာနရော၊ အခြားအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ရင်တော့ ကျွန်တော်တို့ အဆင်ပြေမယ့်သဘော ရှိပါတယ်။

တချို့ တောရကျောင်းလေးတွေကတော့ ကျွန်တော်တို့ ရောက်ခဲ့တဲ့နေရာမှာ ဒေသခံဆရာတော် တွေနဲ့ ကျောင်းသားမိဘတွေ၊ ဆရာ၊ ဆရာမတွေ ဝိုင်းပြီးတော့ ကူညီဆောင်ရွက်လို့ အောင်မြင်နေတဲ့ အစီအစဥ်လေးတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ အဆိုရှင် တင်ပြသွားသလိုပဲ ရာခိုင်နှုန်းကတော့ နည်းနေပါသေးတယ်။ ဆရာဦးတင်ရွန် ရှင်းပြသွားသလိုပါပဲ။ တချို့နေရာတွေမှာ ရေအိမ်တွေဟာ VIP လာမှ ဖွင့်ပေးတာတွေ၊ ဆရာ၊ ဆရာမတွေ သုံးဖို့ရာအတွက် ထားတာတွေ၊ အတန်းကြီးတွေအတွက် ထားတာတွေလောက်ပဲ ကျွန်တော်တို့ လတ်တလောတော့ တွေ့နေရပါသေးတယ်။ နိုင်ငံတော်က စီစဥ် ပေးတာကတော့ ကျောင်းသား/ကျောင်းသူတွေအတွက်ဆိုသော်လည်းပဲ စီမံခန့်ခွဲမှုအခြေအနေတွေမှာ ပကတိ ကျွန်တော်တို့ တွေ့ရတဲ့ အခြေအနေလေးတွေ ဖြစ်ပါတယ်။ ဒါလေးတွေကို Slide လေးတွေနဲ့ နည်းနည်းလေး ပုံလေး ၄၊ ၅၊ ၆ ပုံလောက် တင်ပြသွားဖို့ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ မိုးညိုမြို့နယ်မှာ ဆောင်ရွက်ပြီးတဲ့ ဒေသခံဆရာတော်တွေနဲ့ ရပ်မိရပ်ဖတွေ ပေါင်းပြီးတော့ တည်ဆောက်ထားတဲ့ မူလတန်းကျောင်းလေးပဲ ဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရ မပေးခင်ကတည်းက ဒေသခံဆရာတော်တွေနဲ့ ရပ်မိရပ်ဖတွေနဲ့ ကျွန်တော်တို့ မိုးညို ဆိုတာ အလွန်အင်မတန်ကို လမ်းပန်းဆက်သွယ်ရေးရော ဒေသအခက်အခဲတွေကြားထဲက ဆရာတော် တွေ ဦးဆောင်ပြီးတော့ နိုင်ငံတော်အစိုးရ ချမှတ်တဲ့ Plan တွေ မရောက်ခင်ကတည်းက သူက

လုပ်ထားတဲ့ စိတ်ကူးစိတ်သန်း ကောင်းကောင်းနဲ့ လုပ်ထားတဲ့ အခြေအနေလေးတွေပါ။ သို့သော်လည်း ရေတွင်း ရေကန် အခြေအနေလေးတွေနဲ့ သုံးစွဲနိုင်မှု အခြေအနေမှာတော့ ဒီလိုလေးတွေတော့ ရှိပါတယ်။ ဒါ ကျွန်တော်တို့ တောကျောင်းလေးတွေရဲ့ အခြေအနေလေးတွေပါ။

ဒါကတော့ အဆိုရှင် တင်ပြသွားတဲ့ ပန်းတောင်းမြို့နယ်က ကျောင်းတစ်ကျောင်းပါ။ အထက်မှာ တင်ပြသွားတဲ့ ကျောင်းရဲ့ မျက်နှာစာမှာ သောက်ရေအတွက်ကို ရေကန်အပြာလေးပါ။ သူကတော့ ကြွေပြားလေးတွေနဲ့ လုပ်ထားတဲ့ မိမိအစီအစဉ်နဲ့မိမိလုပ်တဲ့ အခြေအနေပါ။ အောက်ကတော့ ဒါ ရေအိမ် မကျသေးတော့ ဒေသခံအစီအစဉ်လေးတွေနဲ့ပဲ ဘေးနားမှာ ကျောက်စီလေးတွေနဲ့ အဲဒီထိ ရောက်အောင် လုပ်နိုင်တဲ့ အခြေအနေလေးတွေပါ။ ဒါကတော့ ကျွန်တော်တို့က Percentage ရာခိုင်နှုန်းအားဖြင့် နည်းပါတယ်။ ဒီဟာမျိုး ကျောင်းတွေကျတော့ ဒါလည်း အဆိုရှင် တင်ပြသွားတဲ့ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအုပ်စု အမ.က ကျောင်းပါ။ သူက ကျောင်းအဆောက်အဦ မပြီးသေးဘူး၊ ရေရဖို့ကလည်း ကျွန်တော်တို့ မြင်တဲ့အတိုင်းပဲ ကျွန်တော်တို့ မိုးရေခံပြီးတော့ ဆောင်ရွက်ရတယ်။ ရေသန့်ဘူးကြီးကတော့ စီစဉ်ရသော်လည်းပဲ အောက်မှာဖြစ်နေတဲ့ ရေအိမ်တွေအတွက်ကို တကယ်တမ်းကျတော့ အသုံးပြုနိုင်ဖို့ အတွက် တော်တော်လေး ပြင်ဆင်ရမယ့် အခြေအနေလေးတွေ ပေါ်ပေါက်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ဘေးမှာ မူရင်းသုံးနေတာတွေ။ အလယ်မှာကတော့ ကျွန်တော်တို့ နိုင်ငံတော် အစိုးရရဲ့ အစီအစဉ်နဲ့ ကျတဲ့ ရေအိမ်လေးတွေပါ။

သို့သော်လည်းပဲ တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့က ဒါတွေကျတော့ နည်းနည်းလေး ကောင်းကောင်းနဲ့ VIP လိုလို၊ ဆရာမ လိုလိုထားပြီး ဘေးက အိမ်သာတွေပဲ ကလေးတွေ တက်ရတဲ့ အခြေအနေတွေပါ။ ဒါမျိုးလေးတွေပါ။ ဟိုဘက်မှာတော့ အခုထက်ထိ သွားနေရတဲ့ အခြေအနေတွေ ကျွန်တော် ဒီ ခွင့်ယူပြီးတော့ ခဏပြန်သွားတဲ့အချိန်မှာ ရရှိလာတဲ့ Data လေးတွေကို ဥက္ကဋ္ဌကြီးကို တင်ပြ လိုပါတယ်။ ဆက်လက်ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ကျောင်းတွေ အကုန်လုံးကို တစ်ပြိုင်နက်တည်း သောက်ရေ၊ သုံးရေကိစ္စကို ဖြည့်တင်းမပေးနိုင်ရင်တောင်မှ အပိုင်းလိုက်ကလေး မဖြစ်မနေဆောင်ရွက် ပေးပါလို့ တင်ပြတိုက်တွန်းလိုပါတယ်။

အလားတူပဲ ကျွန်တော်တို့ နောက်ဆုံးအချက်ဖြစ်တဲ့ ကျောင်းကျန်းမာရေးရဲ့ အဓိကလုပ်ငန်းစဉ် ဖြစ်တဲ့ ကျောင်းနေကလေးများအတွက် ရောင်းချနေတဲ့ အစားသောက်များ အလွန်အင်မတန် အန္တရာယ် ကြီးနေပါတယ်။ ဒါကတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ မြို့ကြီးတွေမှာရှိတဲ့ အဆောက်အဦ အစားသောက် တွေကတော့ ထိုက်သင့်တဲ့ စစ်ဆေးမှုတွေရှိသော်လည်းပဲ ကျွန်တော်တို့ နယ်မြို့တွေမှာ ဘယ်လိုမှ မစစ်ဆေးနိုင်ပါဘူး။ တစ်ခါတစ်ရံ မှိုတက်နေတဲ့အစားသောက်တွေ၊ ယင်နားနေတဲ့ အစားသောက်တွေ၊ ဒီလိုပဲ ကြံဖန်ပြီးတော့ ဒီကလေးတွေက လုံးချာလည်နေရတဲ့ အခြေအနေလေးတွေ ကျွန်တော်တို့ဒေသမှာ တော့ အများစုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေကိုလည်း ကျွန်တော်တို့က ထည့်သွင်းပြီးတော့ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ဆရာဦးနု လည်း ရှင်းပြသွားပါတယ်။ ကောက်ရိုးမီးပုံစံ မဟုတ်ဘဲနဲ့ အခု ကျွန်တော်တို့ ပြုပြင်ပြောင်းလဲလုပ်ငန်းစဉ်မှာ ဒီဟာလေးပါတစ်ခု ထည့်သွင်းစေချင်တဲ့ဆန္ဒနဲ့ သဘောရိုးနဲ့ တင်ပြခြင်းသာ ဖြစ်တယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထက်မှာ တင်ပြသွားခဲ့ရတဲ့ အခြေအနေ တွေဟာ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆောင်ရွက်နေရတဲ့ အတွေ့အကြုံပေါ် အခြေခံပြီး တင်ပြခြင်းသာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော့်အနေနဲ့ အဆိုရှင် တင်ပြသွားတဲ့ အဆိုကို အားလုံး ပြည့်ပြည့်စုံစုံ မလုပ်နိုင်ရင်တောင်မှပဲ မူဝါဒသဘောတရားအနေနဲ့ စနစ်တစ်ခု ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးပါရန် ကျွန်တော့်အနေနဲ့ ထပ်လောင်းတင်ပြထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာခင်မောင်လေး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်သည့်အတွက် (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို (၁၁း၅၅) နာရီအချိန်တွင် ရပ်နားပါသည်။]